ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်၊ တနင်္ဂနွေနေ့၊ (4-1-2015) (၈၀၇၅)

လွတ်လပ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို သားစဉ်မြေးဆက် ထာဝရဦးထိပ်ထား။



# ပြည်သူ့ဆန္ဒဖော်ဆောင်ရေး နိုင်ငံချစ်စိတ်ဖြင့် ဆောင်ရွက်ရမည်

## စေ့စပ်ဆွေးနွေးအဖြေရှာကြရန်ဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်လာသည့်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် ယနေ့အထိ လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နေခြင်းဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့အခမ်းအနားသဝဏ်လွှာ -

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးလိုရာဆန္ဒနှင့် ပြည့်ဝကြပါစေကြောင်း ရင်းနှီးချစ်ကြည်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။



မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် မြန်မာနိုင်ငံသားများသည် ရှေးဘိုးဘွားဘီဘင်လက်ထက်မှအစပြု၍ နှစ်ပေါင်းထောင်နှင့်ချီပြီး အမိမြေပေါ်တွင် အခြေချနေထိုင်လာခဲ့ကြပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်ခဲ့ပါသည်။ သို့သော် မြေပေါ်မြေအောက် သယံဇာတများကြွယ်ဝပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ ကိုယ်ပိုင်ယဉ်ကျေးမှုထွန်းကားသည့် မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးကာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

**ကိုလိုနီ**လက်အောက်ကာလများတွင် မြန်မာနိုင်ငံတော်၏ မြေပေါ်မြေအောက် သယံဇာတများဆုံးရှုံးခြင်း၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ စာပေ၊ ဘာသာစကားတို့ ပျက်ပြားသွားစေရန် ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးခွဲအုပ်ချုပ်ခြင်း၊ ဗျူရိုကရေစီယန္တရားအထောက်အကူပြုအုပ်ချုပ်ရေးစနစ်တို့ဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ကြပါသည်။

သို့သော် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးများသည် ရရာလက်နက်စွဲကိုင်ပြီး နယ်မြေဒေသအလိုက် **ကိုလိုနီနယ်ချဲ့တို့နှင့် ဖက်ဆစ်တို့ကို** တွန်းလှန်ခဲ့ကြပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားလိုသော အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် သွေးစည်းညီညွတ်စွာ လက်တွဲတွန်းလှန်ခဲ့ကြခြင်းကြောင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



**(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။**

ကြေးမုံစာတည်းရှုထောင့် ၄-၁-၂၀၁၅၊ တနင်္ဂနွေနေ့

# လွတ်လပ်ရေးနေ့ဆန္ဒမွန်

မြန်မာနိုင်ငံသည် ကျူးကျော်လာသော နယ်ချဲ့တို့နှင့်စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီးနောက် အားမတန်၍ မာန်လျှော့ကာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ ကိုလိုနီကျွန်ပြုခံရသည့် သက်တမ်းမှာ နှစ်ပေါင်းတစ်ရာကျော်ကြာမြင့်ခဲ့သည်။ သူ့ကျွန်မခံလိုသော မျိုးချစ်မြန်မာများက စစ်ပွဲသုံးကြိမ်ဆင်နွှဲ၍ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ကာကွယ်ခဲ့ကြသည်။ သို့သော် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရသည်။

ထိုအခါ နိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြင်းပြသော မျိုးချစ်စိတ်ဓာတ်၊ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ရရာလက်နက်စွဲကိုင်ကာ ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တူညီသောစည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးကို မဖြစ်မနေရယူခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့သည်။

ယခုအခါ လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်မှာ နှစ်ပေါင်း (၆၇) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ရရှိထားသော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ရေးအတွက် မျက်မှောက်ကာလ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့က ဆက်လက်တာဝန်ယူကြရမည်ဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို သားစဉ်မြေးဆက်တို့က ထာဝစဉ်ဦးထိပ်ထားကြရမည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့က အစဉ်အမြဲဝိုင်းဝန်းကူညီ စောင့်ရှောက်ကြရမည်ဖြစ်သည်။ သို့မှသာ ရရှိထားသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမှာ တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

မျက်မှောက်ကာလ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း တည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းများကို ရှေးရှုဖော်ဆောင်လျက်ရှိသည်။ အောင်မြင်မှုများလည်း အတိုင်းအတာတစ်ခုအထိ ရရှိနေပြီ။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကိုလည်း ဆက်လက်တည်ဆောက်နေပြီဖြစ်သည်။

ရှေးမိဘဘိုးဘွားအဆက်ဆက် အသက် သွေး ချွေးများကို စတေး၍ရယူပေးခဲ့သည့် လွတ်လပ်ရေးမှာ (၆၇)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ရရှိထားသော လွတ်လပ်ရေး၏ အသီးအပွင့်၊ အရသာများကို မိမိတို့ခူးဆွတ် ခံစားနေရပြီဖြစ်သည်။ မိမိတို့ဘိုးဘွားများမှာ လွတ်လပ်ရေးကို အရယူပေးခဲ့၍ တာဝန်ကျေခဲ့ပြီဖြစ် သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကာ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး ခဲ့ကြသူများမှာလည်း တာဝန်ကျေခဲ့ပြီဖြစ်သည်။

မိမိတို့ကလည်း ဆက်လက်တာဝန်ကျေအောင် ဆောင်ရွက်ကြရမည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တည်တံ့ခိုင်မြဲနေသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ ပြည်သူများ၏ဆန္ဒဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်။

ဖြစ်ထွန်းနေသော နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ဆက်လက်ခံစားကြရမည်။ အလားအလာကောင်းများ ဆက်လက်ပေါ်ထွက်လာရန် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး၏ စည်းလုံး ညီညွတ်သောစွမ်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဟု ယနေ့ကျရောက်သော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ဆန္ဒပြုလိုက်ပါသည်။ ။

## မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီး နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်းတောင် အောင်မောဠိတောင်ညွန့်၌ တည်ထားကိုးကွယ်မည့် မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီး ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နေပြည်တော်အဝင် မြို့ဝင်ဂိတ်၌ ကျင်းပသည်။

ညနေ ၅ နာရီခွဲတွင် မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးအား ပင့်ဆောင်ပူဇော်လာသည့် မင်္ဂလာ ယာဉ်တန်းရောက်ရှိလာရာ အောင်အိုး၊ ထီးဖြူနှင့် ငွေဖလားကိုင် ဥပသကာများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများမှ ဝတ်အသင်းအဖွဲ့များ၊ ပြည်သူများက ကြိုဆိုပူဇော်ကြသည်။

မင်္ဂလာယာဉ်တန်းရောက်ရှိလာချိန်တွင် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များနှင့် ပဌာန်းတို့ဖြင့် ရွတ်ပွားပူဇော်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က စကျင်ကျောက်တော်ကြီးအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

စကျင်ကျောက်တော်ကြီးကို ယနေ့နံနက် သီးကုန်းယာဉ်ရပ်နားစခန်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း ဆက်လက်ပင့်ဆောင်ခဲ့ရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ရဟန်းရှင်လူ ပြည်သူများက စောင့်ဆိုင်းဖူးမြော်ကြည်ညိုခဲ့ကြသည်။

အဆိုပါ စကျင်ကျောက်တော်ကြီးမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာ ဇီးပင်ရေဆိပ်မြိုင်စောင်း လောကသရဖူ စကျင်တွင်းမှ ပေါ်ထွန်းခဲ့ခြင်းဖြစ်ပြီး ဦးအောင်ခိုင်သန်းနှင့် ဒေါ်တိုးတိုးနွယ် မိသားစုမှ လှူဒါန်းခြင်းဖြစ်သည်။



ယင်းစကျင်ကျောက်တော်ကြီးမှာ အလျား ၄၅ ပေ၊ အနံ ၁၄ပေ၊ အမြင့် ၈ ပေ၊ အလေးချိန် တန် ၁၃၀ ရှိကာ ပုဂံအာနန္ဒာဘုရား တောင်ဘက်မုခ်၌ တည်ထား ကိုးကွယ်လျက်ရှိသည့် ကဿပဘုရားရှင် ရုပ်ပွားတော် ပုံသဏ္ဍာန်နှင့် ဉာဏ်တော်တူ ထုဆစ်သွားမည်ဖြစ်ပြီး ပုံကြမ်းထုဆစ်ခြင်းကို မန္တလေးပန်းတော်မူ ကျောက်ဆစ်လုပ်ငန်းမှ ကျောက်ဆစ်ပညာရှင် ဦးခင်ဇော်နှင့်အဖွဲ့က ထုဆစ်သွားမည်ဖြစ်သည်။

ထို့ပြင် စကျင်ကျောက်တော်ကြီးကို အာနန္ဒာဘုရား တောင်ဘက်မုခ်၌ တည်ထား ကိုးကွယ်လျက်ရှိသည့် ကဿပဘုရားရှင် ရုပ်ပွားတော်နှင့် အချောပုံစံတူပြုလုပ်ခြင်းကို Moe CNC မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

စကျင်ကျောက်တော်ကြီး စကျင်ကျေးရွာမှ နေပြည်တော်အထိ ပင့်ဆောင်ပူဇော်ခြင်း၊ ယာဉ်ပေါ်ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆင်နှစ်ကောင်ကုမ္ပဏီမိသားစုမှ လှူဒါန်းခြင်းဖြစ်သည်။

(သတင်းစဉ်)



ကုသိုလ်လည်းရ
ဝမ်းလည်းဝ
ကျသင့်အခွန်
တို့ကျေပွန်

## ဂန့်ဂေါမြို့တွင် မာရသွန်ပြိုင်ပွဲ ကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၃**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ၊ ပျော်ရွှင်ပွဲများကို ဂန့်ဂေါမြို့၌ ကျင်းပလျက်ရှိရာ မာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီတွင်ကျင်းပ၍ မြို့နယ်အားကစားကွင်းအနီးရှိ ဗိုလ်ချုပ်လမ်း ၌ တာလွှတ်သည်။ အဆိုပါ မာရသွန်ပြိုင်ပွဲကို မြို့တစ်ပတ်ပတ်ကာ မြို့နယ်အားကစားကွင်းအထိ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဆုများကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်သူ ၅၀ ကျော်ရှိကြောင်း သိရသည်။ (၄၆၅)

လပြည့် 09-50-37438 532200
မြို့တွင်း/ခွင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်

RUBY 519100
09-51-77212, 535100

ဆဲလ်လင်းမြန်မာ ဖုန်းဆိုင် Mobile Phones, Tablets Sales and Services
2015 နှစ်သစ်အထူးအစီအစဉ် စိတ်လှုပ်ရှားဖွယ် MPT လိုင်းကဒ်နှင့်နံပါတ်တူ Telenor, Ooredoo လိုင်းကဒ်များရောင်းချပေးနေပါပြီ။
မိမိ MPT(G.S.M) နံပါတ်နှင့် တစ်ထပ်တည်းတူညီသော နံပါတ်များအလိုရှိပါက မှာယူအားပေးနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက ဖုန်းဖြင့်သော်လည်းကောင်း Message ဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
ဥပမာ (MPT) 09 5199121
(Telenor) 09 79 5199121
(Ooredoo) 09 97 5199121
အမှတ်(၂၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ : 09-73130234, 09-73170234, 09-260 335599




## (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

❒ ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယခုအခါ (၆၇)နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို သားစဉ်မြေးဆက် ထာဝရဦးထိပ်ထား၍ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ ဖြစ်ထွန်းလျက်ရှိသော နိုင်ငံရေးဖြစ်စဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အဆင့်ဆင့်တို့သည် အတိုင်းအတာတစ်ခုသို့ အောင်မြင်စွာရောက်ရှိနေပြီဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ **မိမိတို့အစိုးရ၏ နိုင်ငံရေးအရလည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအရလည်းကောင်း၊ ငြိမ်းချမ်းရေးအတွက်လည်းကောင်း ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့်အထဲမှ သိသာထင်ရှားသောရလဒ်တစ်ခုမှာ နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်လာခြင်းပင် ဖြစ်ပါသည်။ စေ့စပ်ဆွေးနွေးအဖြေရှာကြရန်ဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်လာသည့်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် ယနေ့အထိလမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နေခြင်းဖြစ်ပါသည်။ ထိုအခြေအနေကို ဆက်လက်ဆောင်ကြဉ်းနိုင်ရန် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။**

**လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်မှုသည် မိမိတို့အစိုးရတစ်ဖွဲ့တည်း၏ ကြိုးပမ်းဆောင်ရွက်မှုမဟုတ်ဘဲ သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။**

**ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်အောင်မြင်ဖြစ်ထွန်းရေးနှင့် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေးအင်အားစုများအားလုံး စုစည်းကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါသည်။**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းသည်လည်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသည့် နိုင်ငံရေးဖြစ်စဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အချိန်တိုအတွင်း ဖော်ဆောင်နိုင်မှုကို နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုယုံကြည်လာစေရေးအတွက် မြင့်မားသောစွမ်းဆောင်ရည်တစ်ရပ်အဖြစ် သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများ များစွာပေါ်ထွန်းလာနေပြီဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

မြန်မာ့ရေမြေပေါ်တွင် ဒိုးတူပေါင်ဖက်နေထိုင်လုပ်ကိုင်စားသောက်ကြသော တိုင်းရင်းသားတိုင်း နိုင်ငံသားတိုင်းသည် တိုင်းပြည်အပေါ်ကျရောက်မည့် ဘေးအန္တရာယ်များအား လက်တွဲကာကွယ်တားဆီးသကဲ့သို့ **ပြည်သူတို့၏ တူညီသောဆန္ဒ(၂)ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေးအတွက်လည်း** တိုင်းချစ်ပြည်ချစ်နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး

ဟူသော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက် (၄)ရပ်ကို အလေးအနက်ခံယူပြီး သွေးစည်းညီညွတ်စွာဖြင့် တာဝန်သိသိ သစ္စာရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ချစ်ကြည်စွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

■ ■ ■

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများပေါ်ထွန်းနေ
# တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်





# လေယာဉ်ပျက်ကျသော်လည်း အသက်မသေသည့် သမီးငယ်



ပီပါ ဂတ်ဇလာ ကိုးနှစ်နှင့် အသက်ရှင်ကျန်ရစ်သည့် ခုနစ်နှစ်အရွယ် သမီးငယ်(ယာ) တို့ကို တွေ့ရစဉ်။

**ကင်တပ်ကီ ဇန်နဝါရီ ၃**

**အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် လေယာဉ်ပျက်ကျမှုတစ်ခုတွင် လူ လေးဦးသေဆုံးခဲ့သော်လည်း ခုနစ်နှစ်အရွယ် သမီးငယ်တစ်ဦးသည် ကံကောင်းထောက်မစွာဖြင့် သေကံမရောက်သက်မပျောက်ရုံသာမက အပျက်အစီးများကြားမှ ရုန်းထွက်ကာ အနီးဝန်းကျင်ရှိ ဒေသခံလူတစ်ဦးအကူဖြင့် လေယာဉ်ပျက်ကျခဲ့ကြောင်း သတင်းပို့ခဲ့သည်။**

Piper PA-34-200T အမျိုးအစား လေယာဉ်ငယ်သည် အင်ဂျင်ချွတ်ယွင်းမှုကြောင့် လေကြောင်းထိန်းချုပ်ရေးနှင့် အဆက်အသွယ်ပြတ်တောက်ကာ ကင်တပ်ကီပြည်နယ် အနောက်တောင်ပိုင်းတွင် ပျံသန်းနေစဉ် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

ကင်တပ်ကီပြည်နယ် လိုင်ယွန်စီရင်စုမှ ဒေသခံတစ်ဦးက မိမိထံသို့ ခုနစ်နှစ်အရွယ်သမီးငယ်တစ်ဦးက လေယာဉ်ပျက်ကျပြီး လာရောက်အကူအညီတောင်း ခဲ့သည်ဟု ရဲတပ်ဖွဲ့ကို ဖုန်းဆက်အကြောင်း ကြားပြီးနောက် ရဲတပ်ဖွဲ့ဝင်များသည် ကယ်ဆယ် ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဆင်သင့်ရှိနေခဲ့သည်ဟု ရဲတပ်ကြပ်ကြီး ပတ်တာဆန်က ပြောကြား သည်။

“ အဲဒီခုနစ်နှစ်သမီးလေးက လေယာဉ်ပျက်ကျသွားပြီးနောက် အပျက်အစီးတွေကြားကနေ အနီးဆုံးဒေသခံတစ်ဦးစီသွားပြီး လေယာဉ်ပျက်ခဲ့တဲ့အကြောင်းနဲ့ သူ့အဖေနဲ့အမေသေဆုံးသွားတဲ့အကြောင်း ပြောပြခဲ့တာပါ။ အံ့ဩစရာပဲဗျာ ကျန်တဲ့လူလေးဦးလုံး သေသွားတယ်။ သူတစ်ယောက်ပဲ အသက်ရှင်ကျန်ခဲ့တာပါ” ဟု ပတ်တာဆန်က ပြောကြားသည်။

အသက်အန္တရာယ်စိုးရိမ်ရသည့် ဒဏ်ရာဒဏ်ချက်မရရှိသော်လည်း ပွန်းပဲ့ရှနေ ရရှာသည့် အဆိုပါ ခုနစ်နှစ်သမီးလေးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေး လုပ်သားများ အခင်းဖြစ်သည့်နေရာသို့ ရောက်ရှိသောအခါ လေယာဉ်ငယ်၏ အပျက်အစီးများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသွားသူများမှာ မတီဂတ်ဇလာ (၄၉)နှစ်၊ ကင်ဘာလီဂတ်ဇလာ (၄၅)နှစ်၊ ၎င်းတို့၏သမီး ပီပါ ဂတ်ဇလာ ကိုးနှစ်နှင့် ပီပါ၏ ဝမ်းကွဲညီအစ်မ ဆီရီရာ ဝဲလ်ဒါ (၁၄)နှစ်တို့ ဖြစ်ကြသည်။ အသက်ရှင်ကျန်ရစ်သူ ခုနစ်နှစ်သမီးငယ်၏ အမည်ကို ထိမ်ချန်ထားရန် ကျန်ရစ်သူမိသားစုအသိုင်းအဝိုင်းမှ တောင်းဆိုထားသည်ဟု သိရသည်။

**နယူးယောက်ဒေးလီး။**

## အကျဉ်းသားများအား အိမ်နီးချင်းနိုင်ငံများသို့ ပေးပို့ရန် ဆွစ်ဇာလန်စီစဉ်

**ဘာလင် ဇန်နဝါရီ ၃**

ဆွစ်ဇာလန်နိုင်ငံတွင် တစ်နေ့တစ်နေ့ဖြစ်ပေါ်နေသော မှုခင်းအရေအတွက်သည် များပြားလာပြီး အကျဉ်းထောင်အရေအတွက်နည်းပါးမှုကြောင့် အကျဉ်းသားများအား အိမ်နီးချင်းနိုင်ငံများသို့ ပေးပို့ရန် အစီအစဉ်ရေးဆွဲနေကြောင်းသိရသည်။

တရားစီရင်ရေးဝန်ကြီးဌာနက အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ပြင်သစ်နှင့်ဂျာမနီနိုင်ငံများသို့ အကျဉ်းသားများပေးပို့မှု အဆိုပြုချက်တစ်ခုချမှတ်ရန် စိုင်းပြင်းနေသည်။

ဆွစ်ဇာလန်နိုင်ငံ၏ အကျဉ်းထောင်သည် နိုင်ငံတကာအဆင့်မီသော်လည်း အရေအတွက်အလွန်ပင်နည်းပါးကြောင်း အကျဉ်းဦးစီးဌာန အကြီးအကဲ သောမက်စ်ဖရေးတတ်ချ်က ရုပ်သံလိုင်းတစ်ခုသို့ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံအနောက်ပိုင်းရှိထောင်များတွင် အကျဉ်းသားများပြည့်နေပြီဖြစ်သည်။

မကြာသေးမီနှစ်များက ဥရောပသမဂ္ဂနိုင်ငံများမှ ဆွစ်ဇာလန်နိုင်ငံသို့ နိုင်ငံခြားသားဝင်ရောက်မှု များပြားလာခြင်းကြောင့် ဆွစ်ဇာလန်နိုင်ငံသည် လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းများကို ပြန်လည်တင်းကျပ်ခဲ့ကြောင်းသိရသည်။

**အေပီ။**





# အိန္ဒိယနှင့်ပါကစ္စတန် ကက်ရှ်မီးယား၌ အပြန်အလှန်ပစ်ခတ်၊ နှစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၃**

ပါကစ္စတန်နှင့် အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့များသည် အငြင်းပွားလျက်ရှိသော ကက်ရှ်မီးယားနယ်စပ်တစ်လျှောက်တွင် လက်နက်ကြီးများဖြင့် အပြန်အလှန် ပစ်ခတ်ကြရာ နှစ်ဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောသည်။

သောကြာနေ့ည ပစ်ခတ်မှုတွင် မည်သည့်ဘက်က စတင်ခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံလုံးက အပြန်အလှန် အပြစ်တင်ကြသည်။

အိန္ဒိယတပ်ဖွဲ့ဝင်များသည် ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦးကို ဗုဒ္ဓဟူးနေ့တွင် ပစ်သတ်ခဲ့သည်ဟု အစ္စလာမ္မာဘတ်က စွပ်စွဲပြီးနောက် ယခုပစ်ခတ်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဗုဒ္ဓဟူးနေ့ အပြန်အလှန်ပစ်ခတ်မှုတွင် အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦးမှလည်း သေဆုံးခဲ့ရသည်။

ပါကစ္စတန်စစ်ဘက်က စနေနေ့တွင် ကြေညာချက်ထုတ်ပြန်ရာ၌ အိန္ဒိယတပ်ဖွဲ့သည် နှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ကြောင်း၊ ဆီအဲလ်ကောမြို့အနီးသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး သေဆုံး၍ အခြားကလေးတစ်ဦး ဒဏ်ရာရရှိကြောင်း၊ သို့အတွက် ပါကစ္စတန်ဘက်မှ ပြန်လည်ပစ်ခတ်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယတွင် ပါကစ္စတန်တပ်ဖွဲ့မှ ပစ်ခတ်ခြင်းကြောင့် ကာသူယာဒေသ၌ အမျိုးသမီးတစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ရဲအရာရှိ ရာဂျစ်ကူးမားက ပြောသည်။

နယ်စပ်လုံခြုံရေးအရာရှိ ဒီပါရက်က စနေနေ့တွင် အနည်းဆုံးခြောက်နေရာ၌ ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်ဟု ပြောကြားသည်။

**ရိုက်တာ။**

## တရားမဝင် နယ်စပ်ဖြတ်ကျော်သည့် ပါလက်စတိုင်း လူငယ်ကို အီဂျစ်တပ်ဖွဲ့ ပစ်သတ်

**ဂါဇာ ဇန်နဝါရီ ၃**

ဂါဇာကမ်းမြောင်ဒေသမှ အီဂျစ်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ရန် ကြိုးစားသော ပါလက်စတိုင်းလူငယ်တစ်ဦးကို အီဂျစ် နယ်ခြားစောင့်တပ်က သောကြာနေ့တွင် ပစ်သတ်ခဲ့ကြောင်း ပါလက်စတိုင်းနှင့် အီဂျစ်သတင်းအရင်းအမြစ်များကိုကိုးကားလျက် ယနေ့ ရိုက်တာသတင်း၌ ဖော်ပြသည်။

ဟားမားစ်အဖွဲ့ ထိန်းချုပ်ထားသည့် ကျွန်းဆွယ်၌ လုံခြုံရေးခြိမ်းခြောက်မှုများရှိသည်ဟု ယူဆရသဖြင့် ဂါဇာနှင့် ဆိုင်းနိုင်းနယ်စပ်ကို အီဂျစ်က ပိတ်ဆို့ထားသည်။

သေဆုံးသူနှင့် အခြားလူငယ်သုံးဦးတို့သည် အီဂျစ်နိုင်ငံအတွင်းသို့ ခိုးဝင်ရန် ကြိုးစားခဲ့ကြကြောင်း ဂါဇာတောင်ပိုင်း၌ နေထိုင်သူများနှင့် ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

နယ်စပ်ကို ဖြတ်ကျော်ရန် ကြိုးစားသော လူငယ်တစ်စုကို အီဂျစ်တပ်ဖွဲ့က ပစ်ခတ်ခဲ့ကြောင်း ဆိုင်းနိုင်းရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။ သုံးဦးကို အီဂျစ်နိုင်ငံအတွင်း၌ ထိန်းသိမ်းထားပြီး သေဆုံးသူမှာ ပါလက်စတိုင်းနယ်မြေဘက်မှာပင်ရှိကြောင်း ၎င်းတို့က ပြောသည်။

အီဂျစ်တွင် ဖမ်းဆီးထားသော လူငယ်သုံးဦးက ၎င်းတို့သည် ဂါဇာ၌ ပြန်လည်ရောင်းချရန်အတွက် စီးကရက်ဘူးများဝယ်ရန် လာခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

**ရိုက်တာ။**

# အိန္ဒိယက အနောက်ဘက် ပင်လယ်နယ်နိမိတ်တစ်လျှောက် လုံခြုံရေးတင်းကျပ်

**နယူးဒေလီ ဇန်နဝါရီ ၃**

ပြီးခဲ့သည့် နှစ်သစ်ကူးအကြိုနေ့တွင် အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့မှ ကြားဖြတ်ဟန့်တားချိန်တွင် ပါကစ္စတန်စစ်သွေးကြွလေးဦးက ၎င်းတို့စီးလာသည့်စက်လှေကို ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွားပြီးနောက်နေ့များတွင် အိန္ဒိယနိုင်ငံက အနောက်ဘက်ပိုင်း ဂူဂျာရတ်ပြည်နယ်ကမ်းခြေတစ်လျှောက်ကို အထူးသတိထား စောင့်ကြည့်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဂူဂျာရတ်ကမ်းခြေတစ်ခုလုံးကို စောင့်ကြပ်လျက်ရှိပြီး လေယာဉ်ခြောက်စင်းမှ ခုနစ်စင်းအထိ စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိသလို အသင့်အနေအထားရှိနေကြောင်း အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့ စစ်ဆေးရေးအရာရှိချုပ် ကူလ်ဒဆင်းဂျ်ရှီယိုရန်က ဇန်နဝါရီ ၃ ရက်နေ့တွင် မီဒီယာများကို ပြောကြားသည်။ အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့သည် စက်လှေအပျက်အစီးများနှင့် စီးနင်းလိုက်ပါလာသူများ အတွက် ရှာဖွေမှုကို ဆက်လက်ဆောင်ရွက်လျက် ရှိသော်လည်း ယခုအချိန်ထိ မည်သည့်အရာမျှ မတွေ့ရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ ပါကစ္စတန်စက်လှေသည် အာရေးဘီးယန်းပင်လယ်တွင် တရားမဝင် အရောင်းအဝယ်အချို့ပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံကို ဦးတည်နေသည့် တန်ဖိုးကြီးမားသော ကုန်ပစ္စည်းများ သယ်ဆောင်လာသည်ဟူသော ထောက်လှမ်းရေးသတင်း ရရှိပြီးနောက် ကရာချိမှ ရွက်လွှင့်လာသည်ဆိုသော ပါကစ္စတန်စက်လှေအား အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့က ဒီဇင်ဘာ ၃၁ ရက်တွင် ကြားဖြတ်ဟန့်တားခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၁ ရက်တွင် စက်လှေပေါ်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီးနောက် မီးစတင်လောင်ကျွမ်းခဲ့ကာ မနစ်မြုပ်ခင် စက်လှေပေါ်တွင် လူလေးဦး မြင်တွေ့ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ။**

# မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

## ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ သမ္မတ ဦးသိန်းစိန်အား စိတ်ချမ်းသာကိုယ်ကျန်းမာပါစေကြောင်း နှင့် မြန်မာနိုင်ငံနှင့်ပြည်သူများ ချမ်းသာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သပါကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်ရှိပြီဖြစ်သည့် နှစ်နိုင်ငံ၏သံတမန်ဆက်ဆံရေးမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိပါကြောင်းနှင့် ကဏ္ဍစုံတွင် နှစ်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာစေရန် ကျွန်ုပ်အနေဖြင့် ခိုင်မာစွာ ယုံကြည်ပါကြောင်းဖြင့် ဖော်ပြထားသည်။

## ဗီယက်နမ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ကျုံးသန်စန်းထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်သူများထံသို့လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဆုမွန်ကောင်းများပို့သအပ်ပါကြောင်း။

အဆွေတော်၏ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းပြည့်ဝသည့် ခေါင်းဆောင်မှုနှင့် ပြည့်စုံကုံလုံသည့် နိုင်ငံ၏စွမ်းပကားများအား အကျိုးရှိရှိ အသုံးချနိုင်မှုအောက်တွင် ဒေသတွင်းနှင့် ကမ္ဘာအတွင်း အစဉ်တိုးတက်နေသည့်ပုံရိပ်ဖြင့် ဖွံ့ဖြိုးဝေစည်သော နိုင်ငံတစ်ခုဖြစ်လာမည့် မြန်မာနိုင်ငံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးမှုအကြောင်းကိစ္စရပ်များ၌ ပိုမိုကြီးမားသော အောင်မြင်မှုများကို ဆက်လက်စံချိန်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်အနေဖြင့် ခိုင်မာစွာယုံကြည်ပါကြောင်း၊ အာဆီယံနှင့်မဟာမိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်စေနိုင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ ၂၀၁၅ ခုနှစ်အတွင်း အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရေး ကြိုးပမ်းအားထုတ်မှုများအပေါ် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခဲ့သည့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်အား မြန်မာနိုင်ငံမှ အောင်မြင်စွာတာဝန်ယူဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ကျွန်ုပ်အနေဖြင့် အထူးချီးကျူးဂုဏ်ပြုပါကြောင်း၊ ကျွန်ုပ်အနေဖြင့် နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်သောဆက်ဆံရေးနှင့်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစွာ ဖွံ့ဖြိုးလာသည်ကို မျက်မြင်တွေ့ရှိရသည့်အတွက် များစွာကြည်နူးဝမ်းမြောက်မိပါကြောင်းနှင့် ယခုအခါသမယ၌ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် အဆွေတော်၏ကြီးမြတ်သော လုပ်ငန်းတာဝန်များတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းဖြင့် ဖော်ပြထားသည်။

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ ကျူမာလီ ဆိုင်ညဆွန်ထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ထူးမြတ်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူများကိုယ်စား ၎င်းအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ လည်းကောင်းဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးတွဲအားထုတ်မှုများ၊ အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုများနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများသည် အာဆီယံမိသားစုတည်ငြိမ်ရေးအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာအတွင်း ငြိမ်းချမ်းရေးအတွက်ပါ ဆက်လက်တိုးတက်နေလိမ့်မည်ဟု ခိုင်မာစွာယုံကြည်ပါကြောင်း၊ ထူးမြတ်သော အခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများ စည်ပင်ဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

## မလေးရှားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မလေးရှားနိုင်ငံဘုရင် ဆူလတန်အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ထူးမြတ်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိနှင့်မိမိ၏ဇနီး ရာဂျာ ပါမိုင်းဆူရီအက်ဂွန်တို့မှ အဆွေတော်နှင့်အဆွေတော်၏ ဇနီးဒေါ်ခင်ခင်ဝင်း တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အပြန်အလှန်အလေးထားမှုပေါ် အခြေခံပြီး တည်ဆောက်ခဲ့သည့် ဆက်ဆံရေးများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အတူ ဆက်လက်တိုးတက်နေလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆွေတော်စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပါစေကြောင်းနှင့် အဆွေတော်၏ဦးဆောင်မှုသည် မြန်မာပြည်သူများ စည်ပင်ဝပြောစေရန်နှင့် ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများကို ထပ်လောင်းမြှင့်တင်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ဖော်ပြထားသည်။

## ဘရူနိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘရူနိုင်းနိုင်ငံဘုရင်မင်းမြတ် ဆူလတန် ဟာဂျီ ဟာဆာနယ်လ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒလာထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ထူးမြတ်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဘရူနိုင်းပြည်သူများနှင့်အစိုးရက ကျွန်ုပ်နှင့်အတူ အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သအပ်ပါကြောင်း၊ မြန်မာနိုင်ငံတော် အနေဖြင့် ၂၀၁၄ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ကျွန်ုပ်အနေဖြင့် အလွန်ပင်ချီးကျူးထောမနာပြုပါကြောင်း၊ ၂၀၁၄ခုနှစ် မတ်လတွင်မြန်မာနိုင်ငံသို့ ကျွန်ုပ်၏အလည်အပတ်ခရီးစဉ်အတွင်း ဧည့်ဝတ်ကျေပွန်မှုနှင့် ကောင်းမွန်သောစီမံဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကာလရှည်ကြာတန်ဖိုးထားလာသော နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ထပ်လောင်းခိုင်မြဲလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဖော်ပြထားသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ရုရှားနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာယာဗ္ဗိပူတင်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ကျွန်ုပ်၏ ဂုဏ်ယူဝမ်းမြောက်မှုကို ပို့သအပ်ပါ ကြောင်း၊ နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် လေးစားမှု အစဉ်အလာကောင်းများအပေါ် အခြေခံပြီး အဆင့်မြင့်မားသည့် မြန်မာ-ရုရှားဆက်ဆံရေးကို ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းမြောက်စွာ မှတ်သားမိပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးသည် ကျွန်ုပ်တို့နှစ်နိုင်ငံအကျိုးစီးပွားဖြစ်သကဲ့သို့ အာရှ-ပစိဖိတ်ဒေသအတွင်း တည်ငြိမ်မှုနှင့် လုံခြုံမှုတို့ကို အာမခံချက်ပေးနိုင်မည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့်မြန်မာနိုင်ငံပြည်သူများ သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**ဆက်လက်ဖော်ပြပါမည်»»**

## လွတ်လပ်ရေးနေ့အဓိဋ္ဌာန်

*ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်*

☆ ရှေးစဉ်လာ
မျိုးသာကီနွယ်ဖွား။
ကိုယ့်ထီးနော်၊ ကိုယ့်ကြငှန်းနဲ့
ခမ်းနားစံစား။

☆ ပြည်မြန်မာ
ထင်စွာပကျော်ကြား။
ကမ္ဘာမှာထင်ပေါ်ဝင့်လို့(ကွယ်)
ဂုဏ်တင့်ခဲ့သား။

☆ မျိုးဇာနည်
ဘာမထီစိတ်ထား။
ကမ္ဘာမှာတံခွန်လွှင့်လို့
မော်ကွန်းဝင့်ကြွား။

☆ မျိုးသာကီ
အာဇာနည်စိတ်ထား။
ကမ္ဘာမှာ မြန်မာဟေ့လို့
မမေ့စေသား။

☆ သူ့ကျွန်မခံ
မျိုးမာန်နှင့်တိုက်ထား။
ကျူးကျော်သူ နယ်ချဲ့ဆိုးကို
ထိုးနှက်ဖယ်ရှား။

☆ ဘီအိုင်အေ
ဇာနည်တွေ ဖွဲ့ထား။
ဗိုလ်တေဇ ဦးဆောင်ပြုတယ်
ပြည်သူ့ချစ်သား။

☆ သုံးကျိပ်နော်
ချစ်ရဲဘော်စစ်သား
အမိနိုင်ငံလွတ်လပ်ရေးအတွက်
အသက်ပေးစွန့်စား။

☆ ဘီဒီအေ
ဖက်ဆစ်တွေပြန်ဖွဲ့
အမိနိုင်ငံလွတ်လပ်ရေးကို
တွေးမိလေခဲ့။

☆ ဖက်ဆစ်ရန်
မျိုးမာန်နဲ့တိုက်ထုတ်။
သွေးချင်းတွေလက်ချင်းယှက်လို့
မျိုးဖျက်ကိုဖြုတ်။

☆ စည်းလုံးတယ်နော်
တောင်ပေါ်နဲ့မြေပြန့်။
တို့ညီနောင် လက်တွဲယှက်လို့
မျိုးဖျက်ကိုဟန့်။

☆ ဗိုလ်ချုပ်ရှေ့ဆောင်
အောင်မြင်သည့်ပွဲ။
တိုင်းရင်းသားပေါင်းစုံလို့
တိုင်းတုန်အောင်နွှဲ။

☆ (၆၇) ကြိမ်
လျှမ်းထိန်လို့ထွန်းပ။
ဗိုလ်ရှုခံသဘင်ပွဲ(ကို)
အိုကွယ် ခြိမ့်သဲကျင်းပ။

☆ ငြိမ်းချမ်းပါစေ။
ပြည်သူတွေမျှော်မှန်း။
တိုင်းရင်းသားသွေးရင်းတို့
ချစ်ခြင်းပြိုင်စမ်း။

☆ ပြည်ထောင်စုနော်
ကမ္ဘာကျော်ဝင့်ကြွား။
ဥမကွဲသိုက်မပျက်
လက်ချင်းယှက်ထား။

☆ အောင်စည်တော်
ယွန်းပါနော်ဝင့်ကြွား။
အောင်မော်ကွန်းကမ္ဘာလွှမ်းအောင်
အိုကွယ် ငြိမ်းချမ်းစေသား။ ။

## မြန်မာ့ရုပ်မြင်သံကြား
## Entertainment Channel

**၄-၁-၂၀၁၅ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၀ | အဖွင့် -လွင်မိုးခရီးသွားနေသည်(ချင်းပြည်နယ်) (အပိုင်း-၄) |
| ၆း၃၀ | အလက်ာ၀တ်ရည်မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၁) |
| ၆း၅၀ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၇း၂၅ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၈း၅၀ | မြန်မာရုပ်ရှင် "သူ့ကျွန်မခံပြီ" (ညွှန့်ဝင်း၊ ကျော်သူ၊ ကျော်ရဲအောင်၊ လွင်မိုး၊ စံရှားတင်၊ မေသန်းနု၊ နန္ဒာလှိုင်၊ ချိုချိုသင်း) (ဒါရိုက်တာ-ကြည်စိုးထွန်း) |

**တစ်နေ့ (၆) နာရီစာ လေးကြိမ် ပြသပါမည်။**



**လွတ်လပ်ရေးသည် ပထမ**
**လွတ်လပ်ရေးသည် ပထမ**
**လွတ်လပ်ရေးသည် ပထမ**

မြန်မာနိုင်ငံသည် ဤကမ္ဘာမဟာပထဝီမြေထုနှင့်အတူ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ပေါ်ထွန်းခဲ့သည့်နိုင်ငံ ဖြစ်သည်။ ယင်းနိုင်ငံ၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် သာမန်မဟုတ်ဘဲ ဇာတိပုည ဂုဏ်မာနဖြင့် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် အနှောင်အဖွဲ့မရှိ လွတ်လပ်စွာ နေထိုင်ခဲ့ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်မှစ၍ တတိယမြန်မာနိုင်ငံတော်ကြီးကိုပါ တည်ထောင်နိုင်ခဲ့ပြီး နောက်ဆုံးမင်းဆက် စိုးစံခဲ့စဉ် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်ခံဘဝသို့ မမျှော်လင့်ဘဲရောက်ခဲ့ရပေသည်။

သို့ရာတွင် သခင်အဆင့်မှ ကျွန်ဖြစ်ခဲ့ကြရသော၊ ဇာတိပုည ဂုဏ်မာနအပြည့်အဝရှိသည့် မျိုးချစ်စိတ်ဓာတ်ရှိကြသော တိုင်းရင်းသား ညီအစ်ကိုတို့သည် **ကျွန်အဖြစ်ဘဝမှ သခင်အစစ်ပြန်လည်ရရှိစေရန်** နည်းဗျူဟာအမျိုးမျိုး အသုံးပြု၍ နယ်ချဲ့ကိုလိုနီတို့ကို တော်လှန်တိုက်ခိုက်ကြရာ လုံးဝလွတ်လပ်သော နိုင်ငံဖြစ်ပေါ်ခဲ့ပြီးသည်မှာ **၆၇ နှစ်ပင် ပြည့်မြောက်ပြီး**ဖြစ်သည်။

တိုင်းရင်းသားပြည်သူအားလုံးအတွက် လွတ်လပ်ရေးသည် အသက်တမျှ အရေးကြီးပါသည်။ လွတ်လပ်သည့်အရသာကို လွတ်လပ်ရေးဆုံးရှုံးမှုကို ခံစားရမှပို၍ သိရှိနိုင်ပါသည်။

မြန်မာတိုင်းရင်းသားအားလုံးတို့သည် အမျိုးကိုချစ်သည့် မျိုးချစ်စိတ်ဓာတ်များ တိုးပွားရှင်သန်လာပြီး လက်လွှတ်ဆုံးရှုံးခဲ့ရသော မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို နယ်ချဲ့ကိုလိုနီလက်အောက်မှ ပြန်လည်ရရှိသည်မှာ မြန်မာ့သမိုင်းတွင် မော်ကွန်းတင်နိုင်ခဲ့သလို မြန်မာကို ကမ္ဘာကလည်း သိရှိစေခဲ့ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ **ယနေ့ ဇန်နဝါရီ ၄ ရက်နေ့တွင် (၆၇)နှစ်တင်းတင်းရှိခဲ့ပြီ။ နှစ်တွေ၊ လတွေ၊ ရက်တွေ မည်မျှပင် ကြာညောင်းပြောင်းလဲခဲ့သော်လည်း ဒီနေ့ရက် ( လွတ်လပ်ရေးရသည့်ရက်)ကို ဘဝတစ်သက်မှာ မေ့ပျောက်၍မရပါ။ ဦးနှောက်နှင့် နှလုံးသားထဲတွင် သံမှိုစွဲသည့်ပမာ ထာဝစဉ်အမြဲရှိနေမည်သာ ဖြစ်သည်။ ဤသည်မှာ မြန်မာတိုင်းရင်းသားပြည်သူအားလုံး၏ တူညီသည့်ဆန္ဒနှင့် ခိုင်မာသော စိတ်ဓာတ်ပင်ဖြစ်ပါသည်။**

မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်နေ့က စာရေးသူသည် ငယ်ရွယ်သူဖြစ်၍ ကျေးရွာ၌မိဘများနှင့် နေထိုင်ရပါသည်။ ကလေးအရွယ်သာရှိ၍ ကစားခြင်းနှင့် စားခြင်းသာသိသည်။ တခြားဘာမျှနားမလည်သည့်အရွယ်ဖြစ်သည်။ ရွာလူကြီးများက **အာဝါဒေး (Our Day)** ရရှိပြီဟု ပြောဆိုသော်လည်း နားမလည်ပါ။ **အာဝါဒေးစကား**ကို လူကြီးများ ပြောဆိုကြ၍သာ မိမိက **အာဝါဒေး**ဟုပြောလိုက်ရသည်။ ရွာရှိလူကြီးလူငယ်များအားလုံးလောက်ပင် **အာဝါဒေး**ရ၍ ပျော်ရွှင်မြူးတူးဖြစ်နေကြသည်။ မြို့တိုင်းမှာလည်း **အာဝါဒေး**ပျော်ရွှင်ပွဲတွေ နိုင်ငံအနှံ့အပြား ကျင်းပကြရသည်ဟု သိရပါသည်။ နောက်မှ **Our Day ဆိုတာ မြန်မာနိုင်ငံလွတ်လပ်ရေး၊ ငါတို့လွတ်လပ်ရေး (Our Independence Day) ရသည်ကို မိဘများပြော၍ သိရပါသည်။ ထိုအခါတွင် ကလေးတို့ဘဝလွတ်လပ်သည် ဟူသည် ပျော်ရွှင်စရာ၊ ဝမ်းသာစရာများဖြစ်သည်ကို သိရှိရတော့သည်။**

# (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အတွေး

**မောင်ခိုင်ဖြိုး(မန္တလေး)**

၂၀၁၅ ခုနှစ်တွင် လွတ်လပ်ရေးနေ့ဦးတည်ချက်များအဖြစ် ချမှတ်ခဲ့သည့် အချက်လေးချက်ပါအတိုင်း ယနေ့တည်ဆောက်နေသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူအားလုံးတို့က စွမ်းအားအပြည့်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်သွားကြပါစို့

စာရေးသူသည် အရွယ်ရောက်၍ အခြေခံအထက်တန်းပညာကို ဆက်လက်ဆည်းပူးရန် မိဘများက မန္တလေးမြို့သို့ပို့ပေးပါသည်။ ထိုစဉ်အခါက မန္တလေးတောင်ခြေရှိ ကွင်းပြင်ကျယ်၌ မန္တလေးနှစ်(၁၀၀) ပွဲတော်ကျင်းပသည်ကိုလည်း တွေ့ကြုံခဲ့ရပါသည်။ မြန်မာသက္ကရာဇ် (၁၂၂၁-၁၃၂၁) နှစ်က ဖြစ်ပါသည်။ ထို့အပြင် နှစ်စဉ် ဇန်နဝါရီလ ၄ ရက် ရောက်တိုင်းလည်း ဤရာပြည့်ကွင်းအတွင်း၌ Our Day ခေါ် လွတ်လပ်ရေးနေ့များကိုလည်း စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် နှစ်တော်တော်ကြာသည့်တိုင် ကျင်းပခဲ့ပြီးနောက် ပြောင်းရွှေ့ကာ မန်းသီတာဥယျာဉ်၌လည်း စည်ကားစွာကျင်းပခဲ့ဖူးပါသည်။ ယင်းနေရာမှာ မန်းရာပြည့်ကွင်းနှင့်မတူ ကျဉ်းမြောင်းပါသည်။ နောင်အခါ အကြောင်းအမျိုးမျိုးကြောင့် လွတ်လပ်ရေးနေ့များ စည်စည်ကားကားကျင်းပခြင်းသည် တဖြည်းဖြည်းလျော့နည်းခဲ့သည်ကို တွေ့ရပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရရှိသည့် ဇန်နဝါရီ ၄ ရက်နေ့ရောက်တိုင်း စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် မှတ်မှတ်ရရ နှစ်စဉ်ကျင်းပရမည်သာဖြစ်သည်။ ဤနိုင်ငံကလွဲ၍ ကမ္ဘာ့နိုင်ငံအချို့တွင် အကြောင်းအမျိုးမျိုးဖြင့် ဆူဆူပူပူ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်ကို ရုပ်မြင်သံကြားတွင် နေ့စဉ် တွေ့မြင်ကြရပါသည်။ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ လူမျိုးရေး စသည့်အကြောင်းများဖြင့် ဖြစ် ပါသည်။ သာဓကမှာ - ဆီးရီးယားနိုင်ငံ၌ လွန်ခဲ့သော သုံးနှစ်လောက်မှစ၍ ပြည်တွင်းမငြိမ်းချမ်းဘဲ ပဋိပက္ခများ ဖြစ်လျက်ရှိပါသည်။ ယခုအချိန်ထိဆိုလျှင် ပြည်သူပြည်သား တစ်သိန်းကျော် သေဆုံးခဲ့ရသလို စီးပွားဥစ္စာများလည်း ကုဋေချီပြီး ဆုံးရှုံးခဲ့ကြရပါသည်။ ကျန်းမာရေးနှင့်စပ်လျဉ်း၍ အနောက်အာဖရိကတိုက်ရှိ လေးနိုင်ငံ၌ ကူးစက်မြန်သည့် အီဘိုလာရောဂါကျရောက်၍ လူထောင်ပေါင်းများစွာ ကာလတိုအတွင်းမှာ သေဆုံးကြရသည်ကို တွေ့နေရပါသည်။

**သို့ဖြစ်ရာ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရန် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ဖို့ မည်မျှအရေးကြီးကြောင်း ပစ္စုပ္ပန်ရှိ လူငယ်များကိုသိရှိစေရန် အထူးလိုအပ်လှပါသည်။**

အကယ်၍သာ နယ်ချဲ့ကိုလိုနီဘဝက မလွတ်မြောက်ခဲ့လျှင်၊ လွတ်လပ်ရေးပြန်မရခဲ့လျှင် နယ်ချဲ့တို့၏အောက်မှာ ကျွန်ဘဝအဖြစ်နှင့် နေထိုင်ကြရပြီး ယနေ့မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံနှင့် လူမျိုးပါ ဤကမ္ဘာ့မြေပုံကြီးမှ ပျောက်ကွယ်သွားနိုင်ပါသည်။ **ယနေ့လူငယ်အားလုံးတို့သည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို သူတစ်ပါးလက်အောက်မကျရောက်စေရန် ဤကမ္ဘာမြေတည်ရှိသရွေ့ မြန်မာပြည်တည်ရှိနေစေရန် ဆက်လက်ကာကွယ်ထိန်းသိမ်းသွားရန် မိမိတို့ပြည်သူပြည်သားများအားလုံးတွင်တာဝန်ရှိကြောင်း လေးလေးနက်နက် သိရှိထားကြရန် လိုအပ်လှပါသည်။ နယ်ချဲ့ကိုလိုနီတို့၏ လက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော် ၁၈၂၄-၁၉၄၈ (၁၂၄)နှစ် ကျွန်ဘဝဖြင့် နေထိုင်ခဲ့ကြရသော မြန်မာတိုင်းရင်းသားတို့အတွက် အလွန့်အလွန်ဆုံးရှုံးနစ်နာခဲ့ကြရပါသည်။ ပထမဆုံးရှုံးမှုမှာ ကျွန်ဘဝဖြစ်သည်။ ဒုတိယဆုံးရှုံးမှုမှာ ထောင်ပေါင်းများစွာသော လူသားအရင်းအမြစ်တို့၏ ချွေးနှင့်သွေးများကို စတေးခဲ့ရခြင်း၊ တတိယဆုံးရှုံးမှုမှာ နိုင်ငံ၏ သယံဇာတအရင်းအမြစ်များနှင့် စတုတ္ထဆုံးရှုံးမှုမှာ ကုန်ဆုံးသွားခဲ့သော နှစ်တစ်ရာကျော် ကာလလည်းဖြစ်ပါသည်။ အကယ်၍သာ အဆိုပါဆုံးရှုံးမှုအားလုံးမရှိခဲ့လျှင် ယနေ့မြန်မာနိုင်ငံသည် ယခု ပစ္စုပ္ပန်အချိန်ကာလတွင် ကမ္ဘာ့အင်အားကြီးနှင့် စက်မှုထွန်းကားသောနိုင်ငံများစာရင်းတွင် ပါဝင်နိုင်မည်မှာ ယုံမှားဖွယ်ရာမရှိပါ။**

တိုင်းရင်းသားမျိုးစုံနေထိုင်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ကျယ်ဝန်းပြီး၊ မြစ်၊ ချောင်းများ၊ မြေပြန့်လွင်ပြင်များ၊ သစ်တောကြီးများဖြင့် ဝန်းရံတည်ရှိသည့် ဥပမိရုပ်ကောင်းမွန်သော ပထဝီအနေအထားဖြစ်ပါသည်။ နိုင်ငံ၏လူဦးရေမှာလည်း ၅၂ သန်းနီးပါးရှိ၍ နိုင်ငံဧရိယာနှင့် လူဦးရေပမာဏမှာ သဟဇာတမျှတမှုရှိပါသည်။ နိုင်ငံအချို့နှင့် နှိုင်းယှဉ်ကြည့်လျှင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

ထို့အပြင် မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်၊ နိုင်ငံအပေါ် လွှမ်းခြုံထားသည့် အာကာသကောင်းကင်ပြင်တို့သည် နိုင်ငံအတွက် ထူးခြားလှသည့် သဘာဝသယံဇာတ အရင်းအမြစ်များလည်းဖြစ်ပေသည်။ ရာသီဥတုမှာလည်း အရှေ့တောင်အာရှနိုင်ငံများတွင် သင့်တင့်ကောင်းမွန်သည့်နိုင်ငံဟု ဆိုနိုင်ပါသည်။ သာဓကမှာ မကြာသေးမီအချိန်က ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများ၌ ရေလွှမ်းမိုးခြင်းများခံနေရပြီး ယင်းနိုင်ငံများမှ ပြည်သူများ ရေဘေးဒုက္ခများနှင့် ကြုံတွေ့နေရကြောင်း သိရပါသည်။

**ပထဝီအနေအထားမှာလည်း သဘာဝကြီးက မြန်မာနိုင်ငံပြည်သူများအား အမွေကောင်းပေးထားသလိုဖြစ်သည်။ ဤသည်မှာ မြန်မာနိုင်ငံသည် ကုန်းတွင်းပါဝင်နေသည့် နိုင်ငံမဖြစ်သလို ဆားငန်ရေများနှင့် ဝိုင်းရံနေသည့်ကျွန်းနိုင်ငံလည်း မဟုတ်ပါ။ ကုန်းမြေနှင့် ပင်လယ်ရေထိစပ်နေသည့် ပင်လယ်ကမ်းရိုးတန်းရှည်လျားမှုကို ပိုင်ဆိုင်ထားပါသည်။ အရှေ့တောင်အာရှနှင့် အာရှတိုက်တောင်ပိုင်းဒေသ၌ အချက်အချာ အကျဆုံးနိုင်ငံဟုပင် ဆိုနိုင်ပါသည်။**

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး အုပ်ချုပ်ခဲ့ကြသော အစိုးရအဖွဲ့အစည်းအဆက်ဆက်တွင် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ခေါင်းဆောင်သည့် အစိုးရအဖွဲ့သစ်လက်ထက်၌ ကဏ္ဍအားလုံးလိုလိုပင် ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တိုင်းရင်းသားအားလုံး သိပြီးဖြစ်သလို နိုင်ငံတကာကလည်း သိရှိနေကြပါပြီ။

နိုင်ငံတော်အစိုးရအဖွဲ့သစ်သည် သက်တမ်းကာလ ငါးနှစ်မပြည့်မီ လေးနှစ်ကာလအတွင်းမှာပင် သက်တမ်းကာလနှင့်မမျှအောင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်သည်မှာ နိုင်ငံတကာက အားပေးထောက်ခံနိုင်သည်အထိ ဖြစ်ပါသည်။

**ဤသည်မှာ ဦးဆောင်ပုဂ္ဂိုလ်သည် တည့်မတ်သော လမ်းကြောင်းဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းသည့်နည်းတူ အစိုးရအဖွဲ့ကလည်း လမ်းကြောင်းပေါ်မှာ မတိမ်းစောင်းရလေအောင် ဖြောင့်ဖြောင့်လိုက်ပါနေ၍ ဖြစ်သည်မှာ အထင်အရှားဖြစ်ပါသည်။ ဦးဆောင်မှုနှင့် အချင်းချင်းစည်းလုံးညီညွတ်မှုကြောင့်လည်း ဆိုနိုင်ပါသည်။**

နိဒါန်းတွင်ပါရှိသည့် လွတ်လပ်ရေးသည် ပထမဟု သုံးကြိမ်တိုင်ထပ်၍ ကြွေးကြော်ခဲ့သော ကြွေးကြော်ခဲ့ရာမှ တိုင်းရင်းသားအားလုံးတို့၏ ရင်ထဲ၊ အသည်းထဲ၊ နှလုံးထဲ၊ ဦးနှောက်ထဲတွင် စိမ့်ဝင်စွဲမြဲပြီး နယ်ချဲ့ကိုလိုနီတို့ကို ဖွဲ့နပဲဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြရာ နိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၇) နှစ်ပင် ရှိခဲ့သည်မဟုတ်လော။

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ်တွင် လွတ်လပ်ရေးနေ့ဦးတည်ချက်များအဖြစ် ချမှတ်ခဲ့သည့် အချက်လေးချက်ပါအတိုင်း ယနေ့ တည်ဆောက်နေသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူအားလုံးတို့က စွမ်းအားအပြည့်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းလျက် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်စွာ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်ပါစေဟု ဆန္ဒပြုအပ်ပါသတည်း။ ။

စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ပညာရပ်များကို နိုင်ငံတကာ အဆင့်မီ စနစ်တကျ တန်ဖိုးထားသင်ယူလိုကြသော ကျောင်းသူ/ကျောင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား Myanmar Metropolitan College မှကြိုဆိုပါသည်။

- နိုင်ငံတကာ အဆင့်မီ Quality Education ကို တန်ဖိုးထား သင်ယူလိုသူများအတွက် ပညာသင်ဆု (Scholarship Program)
- မြန်မာနိုင်ငံ၏ Private Institutes များထဲတွင် ပထမဆုံးသော Financial Aid (Student Loan) Program
- Financial Aid (Student Loan) Program
- Quality Education ရယူရန် နိုင်ငံတကာသင်ကြားမှု အတွေ့အကြုံရှိသော Lecturers များမှ သင်ကြားပေးခြင်း။
- Postgraduate Diploma နှင့် စီးပွားရေးမဟာဘွဲ့ MBA ဘွဲ့ရယူနိုင်ခြင်း။

MMC Myanmar Metropolitan College

MMC ရှိ Program များ

- Postgraduate Diploma in Business Administration (PGDBA)
- Master of Business Administration (MBA)
  - Swiss MBA (Single MBA)
  - Dual (SWISS / US) MBA
  - Fast Track Top Up MBA

Scholarship , Financial Aid (Student Loan)နှင့် ဝင်ခွင့်လျှောက်လွှာများကို MMC City Campus တွင် ရယူနိုင်ပါသည်။

Application Deadline for January Intake : 18th Jan 2015

Contact us:
MMC City Campus : 47 / 45, Bandal Building, Lanmadaw Township 11131, Yangon, Myanmar.

Hot Line : 09-450063108/9

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၁၅**
**၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်**
**( ၂၀၁၅ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

### အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအရိယာလင်္ကာရ၊ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တဝိစာရ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ် ၁၀-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တကန္ဒောဘာသာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တအာဇေယျ၊ ဓမ္မောဒယပရိယတ္တိစာသင်တိုက်၊ အမှတ် ၃ - ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။
၅။ ဘဒ္ဒန္တကောဏ္ဍည၊ မန်ဆူဘုရားကြီးကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ် ၁၂-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနရာသဘာဘိဝံသ၊ ဝေဇယန္တာပရိယတ္တိစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တသောဘနာဘိဝံသ၊ ဘာဝနာပရိယတ္တိစာသင်တိုက်၊ ဗိုလ်ကုန်း ၁၈ - ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တဝေဒိယ၊ သာသနဝိပုလာရာမ(ပါဠိတက္ကသိုလ်)မန္တလေးတိုက်၊ အမှတ် ၁၅ - ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တသောဘန၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ် ၁၀ - ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တမုနိန္ဒဃောသ၊ အရှေ့လယ်ကိုင်းပရိယတ္တိကျောင်းတိုက်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တနိယတသေဌ၊ အောင်မြန်မာကျောင်း၊ သီရိမင်္ဂလာဝွေးချိုတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တခေမာစာရ၊ ဆင်ဖြူကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းစုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၈။ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တမာမကာဘိဝံသ၊ ဒဂုံပရိယတ္တိစာသင်တိုက်၊ ပြည်အရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တပဏ္ဍာဝါဘိဝံသ၊ မဟာမဇ္ဈိမာရုံပရိယတ္တိစာသင်တိုက်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၁။ ဒေါက်တာဘဒ္ဒန္တပညာနန္ဒ၊ သာသနဝိပုလဓာတ်တော်ပရိယတ္တိစာသင်တိုက်၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်။
၁၂။ ဘဒ္ဒန္တဝေပုလ္လ၊ မဟာပုညာရာမထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၃။ ဘဒ္ဒန္တဆွမ်ဒွေ့(စ်) ဖရမဟာရတ်(ဇ်) မင်္ဂလာကျန် (ဝရပုညမဟာထေရ်)၊ ဝပ်ပါ(က်)နန့်ကျောင်းတိုက်၊ ဖစီကျရိန်မြို့နယ်၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။
၁၄။ ဘဒ္ဒန္တကောဏ္ဍည၊ ဝပ်ဆိုင်းမွန်း(မြန်မာ)ကျောင်းတိုက်၊ ချင်းမိုင်(ဇင်းမယ်)မြို့၊ ထိုင်းနိုင်ငံ။

### မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၊ မဟာစည်သာသနာ့ရိပ်သာ၊ ရုံးရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တပညာသီဟာဘိဝံသ၊ သိရီဂုဏ်ဝေဠုဗိမာန်ကျောင်းတိုက်၊ စိုက်ပျိုးမွေးမြူရေး အမှတ် ၁ - ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကာရုဏိက၊ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တပညာသာမိ၊ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။
၃။ ဘဒ္ဒန္တဥတ္တမသိရီ၊ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တပဏ္ဍိတ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တဇောတိက၊ မဟာဝေယန်ဘုံသာကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တမုနိဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဇောတိကာရုံပရိယတ္တိစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၈။ ဘဒ္ဒန္တဉာဏုတ္တရ၊ မြစေတီစာသင်တိုက်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၉။ ဘဒ္ဒန္တအရိယဓမ္မ၊ ဂန္ထဝါစကပရိယတ္တိစာသင်တိုက်၊ အမှတ် ၇ - ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တဝိသုတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၁။ ဘဒ္ဒန္တဉာဏိဿရ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ် ၉-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တစိန္တိတာလင်္ကာရ၊ ပစ္ဆိမာရုံစာသင်တိုက်၊ အမှတ် ၉ - ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၁၃။ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၊ အောက်စဖို့ဒ်ဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ၃၅၆-၃၅၈၊ Abingdon လမ်း၊ အောက်စဖို့ဒ်၊ ဗြိတိန်နိုင်ငံ။

**သီလရှင်ဆရာကြီးများ**

၁၄။ ဒေါ်တိရဏာဉာဏီ၊ သမိဒ္ဓေါဒယကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၁၅။ ဒေါ်သုဓမ္မစာရီ၊ သာသနမဥ္ဇူရီသီလရှင်စာသင်တိုက်၊ ၄-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တမာနိတ၊ အုတ်ကန်တောရစာသင်တိုက်၊ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ ငွေတောင်တောရပရိယတ္တိစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။
၄။ ဘဒ္ဒန္တရေဝတ၊ အောင်ချမ်းသာကျောင်း၊ မူလမဟာမုနိန္ဒာရာမ စကုကျောင်းတိုက်၊ သီရိဟေမာ အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တကောသလ္လ၊ အတုလရန်အောင်ပရိယတ္တိစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၆။ ဘဒ္ဒန္တပညာသာမိ၊ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ် ၁၁- ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တရာဇိန္ဒ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း (က) ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၈။ ဒေါက်တာဘဒ္ဒန္တကုန္ဒက၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တဝါသေဋ္ဌ၊ စိတ္တသုခစမ်းချောင်းပရိယတ္တိစာသင်တိုက်၊ အမှတ် ၅-ရပ်ကွက်၊ နမ့်စန်မြို့၊ ရှမ်းပြည်နယ်။

**သီလရှင်ဆရာကြီး**

၁၀။ ဒေါ်နန္ဒာထေရီ၊ သာသနမဉ္ဇူယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

### ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလာစာရ၊ မြို့ဦးတောရပရိယတ္တိစာသင်တိုက်၊ မရှီကထောင်ရပ်ကွက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တပဏ္ဍိတ၊ ရတနာသီရိပရိယတ္တိစာသင်တိုက်၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။
၃။ ဘဒ္ဒန္တဇာဂရ၊ မဟာဘုံစံကျောင်းတိုက်၊ အမှတ် ၆-ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တကေသရ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
၅။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။
၆။ ဘဒ္ဒန္တပညာဝုဓ၊ ဝေဇယန္တာပရိယတ္တိစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တဥတ္တရ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တသုမန၊ အောင်မြေရတနာစာသင်တိုက်၊ ကန်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တဇယသေန၊ သံဃာရာမကျောင်းတိုက်၊ စိုးကောမင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဗန္ဓုလကျောင်း၊ ရွှေရေးဆောင်တိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၁၁။ ဘဒ္ဒန္တနရပတိ၊ သဲဖြူပရိယတ္တိစာသင်တိုက်၊ အမှတ် ၃- ရပ်ကွက်၊ ငါန်းဇွန်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၁၂။ ဘဒ္ဒန္တသိရီဓမ္မာဘိဝံသ၊ သုခဝတီကျောင်းတိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။
၁၃။ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဇောတိကာရုံကျောင်းတိုက်၊ ဝင်းပ/တောင်ကြားကျေးရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။
၁၄။ ဘဒ္ဒန္တစန္ဒာဝရ၊ အောင်မြေရတနာပရိယတ္တိစာသင်တိုက်၊ ဈေးဟောင်းပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်။
၁၅။ ဘဒ္ဒန္တကုသလ၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ အမှတ် ၁၄ - ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၆။ ဘဒ္ဒန္တစန္ဒောဘာသ၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၇။ ဘဒ္ဒန္တဝိစာရဏ၊ ပိဋကတ်ဘာသာပြန်ကျောင်းတိုက်၊ အမှတ် ၄ - ရပ်ကွက်၊ ပင်လုံမြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်။
၁၈။ ဘဒ္ဒန္တဥတ္တရ၊ ဓမ္မသုခပရိယတ္တိစာသင်တိုက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၁၉။ ဘဒ္ဒန္တကုမာရ၊ ဇေယျမင်္ဂလာတာပုံပရိယတ္တိစာသင်တိုက်၊ တာပုံကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။

**သီလရှင်ဆရာကြီးများ**

၂၀။ ဒေါ်အဥ္စနေဝတီ၊ ခေမေသကချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂၁။ ဒေါ်အညေသီ၊ ဧသုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂၂။ ဒေါ်ကုန္ဒကာမီ၊ အနီယာသီလရှင်စာသင်တိုက်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုစိတ္တ၊ မိုးကုတ်ဝိပဿနာတိုက်ခွဲအမှတ်(၁၇၈)၊ လှိုင်နံ့သာဓမ္မရိပ်သာကျောင်းတိုက်၊ မင်းရပ်ကွက်၊ မြို့သစ်မြို့ ၊ မကွေးတိုင်းဒေသကြီး။
၂။ ဘဒ္ဒန္တသီလတေဇ၊ မဟာရင်မွှန်ကျောင်းစာသင်တိုက်၊ မြိုင်မာလာလမ်း၊ အောင်ဇေယျရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။
၃။ ဘဒ္ဒန္တတိလောက၊ ဇေယျမင်္ဂလာကျောင်းတိုက်၊ (၁)ရပ်ကွက်၊ ဇေယျမင်္ဂလာလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တကုန္ဒဝံသ၊ ကုန္ဒာရုံကျောင်းတိုက်၊ သက္ကယ်သောင်ရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝရဝံသ၊ တိုက်ကျောင်း ( ကွင်းကျောင်း ) တိုက်၊ ဇာသပြင်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။
၂။ ဘဒ္ဒန္တသုမန၊ ပုပ္ပားကျောင်းတိုက်၊ ဖိုလ်ဝင်တောင်၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃။ ဘဒ္ဒန္တတေဇိန္ဒ၊ ဂဟုန်းသာသနာပြုကျောင်း၊ ဂဟုန်းကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
၄။ ဘဒ္ဒန္တဓမ္မိကသာရ၊ ဓမ္မိကာရာမတပ်ဦးကျောင်း၊ ဇာဒက်ကြီးကျေးရွာ၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၅။ ဘဒ္ဒန္တဉာဏိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကိုးတစ်ဘိုးစိုးကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။
၆။ ဘဒ္ဒန္တဝိမလာစာရ၊ ပန်းတောကျောင်းတိုက်၊ ပန်းတောကျေးရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၇။ ဘဒ္ဒန္တသောဘဏ၊ ရွှေစေတီပရိယတ္တိစာသင်တိုက်၊ ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၈။ ဘဒ္ဒန္တကုန္ဒာစက္က၊ ဇီးတောကျောင်းတိုက်၊ ဇီးတောလေးရွာ၊ ငဖဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး။
၉။ ဘဒ္ဒန္တဝိဇယ၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၁၀။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ ရွှေဘုံသာကျောင်း၊ မြို့ရှေ့တိုက်၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။

စာမျက်နှာ ၈ သို့

# ပြည်တွင်းရေးရာ

● စာမျက်နှာ ၇ မှ

၁၁။ ဘဒ္ဒန္တစန္ဒောဘာသ၊ ကြပ်တွင်းအရှေ့ကျောင်းတိုက်၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တသူရိယ၊ မိုးကုတ်ဝိပဿနာအေးရိပ်သာကျောင်းတိုက်၊ လေးထောင့်ကန်လမ်းမကြီး၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တက္ကန္ဒောဘာသ၊ ကျားကူးဓမ္မဗိမာန်ပရိယတ္တိစာသင်တိုက်၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တက္ကဒ္ဒိဗလ၊ ပရိယတ္တိပဋိပတ္တိသာသနာပြု မူလဆယ်တောင်ပြည့်ကျောင်းတိုက်၊(ဇ/တောင်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်မင်္ဂလာတောရဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်း၊ ပွေရယ်ကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။

၁၆။ ဘဒ္ဒန္တဝိလာသ၊ ရန်တိုင်းအောင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရပ်ကွက်(၆)၊အေးသာယာမြို့သစ်၊တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၇။ ဘဒ္ဒန္တဝိနယာစာရ၊ ဇေယျသုခစာသင်တိုက်နှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ (၇) ရပ်ကွက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တဥတ္တမ၊ ဗလသုခကျောင်းတိုက်၊ ကြက်ဖမွေးဇောင်းကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၉။ Ven.Dattajeevo Bhikkhu (ဘဒ္ဒန္တဒတ္တဇီဝ )၊ ဝပ်ဖရဓမ္မကာယကျောင်းတိုက်၊ ပထုံဌာနီပြည်နယ်၊ ထိုင်းနိုင်ငံ။

၂၀။ ဘဒ္ဒန္တကိတ္တိမာ၊ သာသနဟိတကာရီဝိပဿနာကျောင်းတိုက်၊ စူးရှက်ဝကျေးရွာ၊ ရဇော်ထော်လီ မြို့နယ်၊ ရင်ဂါမာတီခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

၂၁။ ဘဒ္ဒန္တဧသက၊ သုန္ဒရာရာမဗြဟ္မဝိဟာရကျောင်းတိုက်၊ လော့စ်အိန်ဂျလိစ်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ။

၂၂။ ဒေါက်တာဘဒ္ဒန္တရေဝတ၊ ဓမ္မသုခကျောင်းတိုက်၊ နော့ဝပ်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ။

၂၃။ Ven.Ajahn Khemadhammo(ဘဒ္ဒန္တခေမဓမ္မော)၊ Forest Hermitage, Fulbrook Lane, Lower Fulbrook, Warwickshire CV 35 8AS,United Kingdom ဗြိတိန်နိုင်ငံ။

**မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသီလာစာရ၊ အောင်တော်မူပရဟိတနှင့် ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တနန္ဒမာလာ၊ သတ္တဗလူထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ သတ္တဗလူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တပညာနန္ဒ၊ အမှတ်(၂၇၅)၊ မြသုခတပ်ဦးကျောင်း၊ အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တသုဒဿန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စိမ်းစင်းကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။

၅။ ဘဒ္ဒန္တသုနန္ဒ၊ ပုဗ္ဗာရုံဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ကသစ်ကုန်းကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တအာစာရ၊ တောင်သစ်ကျောင်း၊ ကျောက်မြောင်းရပ်ကွက်၊ သရက်ချောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တစန္ဒမုခ၊ အခြေခံပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြို့ဒိပ်ကျောင်းတိုက်၊ ရွှေမြို့ဘူတာကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်။

၈။ ဘဒ္ဒန္တပညာသီဟ၊ မြွေပွေးကုန်းဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ မြွေပွေးကုန်းကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တသုဇာတ၊ မြသိန်းတန်ကျောင်းတိုက်၊ ကန်တော်ကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၁၀။ ဘဒ္ဒန္တနရိန္ဒ၊ ဇီးတောကျောင်းတိုက်၊ ကျောင်းကြီးကျောင်း၊ ဇီးတောကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၁။ ဘဒ္ဒန္တကဝိန္ဒ၊ ရတနာမာရ်အောင်ပရိယတ္တိစာသင်တိုက်၊ ညံကွဲရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တကဝိဓဇ၊ တောင်ပေါက်နှီးဘုရားကြီးကျောင်းတိုက်၊ ဒိုင်းဝန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၃။ ဘဒ္ဒန္တကိတ္တိသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရိန်းကျေးရွာ၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၄။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ၊ (၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ဘဒ္ဒန္တခေမိန္ဒ၊ ခင်မကန်ကျောင်းတိုက်၊ အမှတ်(၅၄)ရပ်ကွက်၊ ခတ္တာလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ဘဒ္ဒန္တဉာဏောဘာသ၊ နမ့်လန်မဇ္ဈိမာရာမ (အလယ်ကျောင်း) စာသင်တိုက်၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်။

၁၇။ ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ၊ စူဠာမုနိပရိယတ္တိစာသင်တိုက်၊ နယ်မြေ(၈) ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တသုဇာတ၊ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်-၉၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

၁၉။ ဘဒ္ဒန္တနန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်။

၂၀။ ဘဒ္ဒန္တသြဘာသ၊ အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အသောကာရာမကျောင်းတိုက်၊ ကန့်ကော်ကန်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၂၁။ Yin Le (ဘဒ္ဒန္တရင်လီ)၊မြင်းဖြူကျောင်း၊ လော့ယန်မြို့၊ ဟေနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

**သီလရှင်ဆရာကြီးများ**

၂၂။ ဒေါ်က္ကန္ဒာစာရီ၊ ထေရဝါဒသာသနာပြုသာသနကာရီသီလရှင်စာသင်တိုက်၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်။

၂၃။ ဒေါ်ဓမ္မဝရဉာဏီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုသီလရှင်ကျောင်း၊ ပေါမိုင်းရပ်ကွက်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၄။ ဒေါ်စန္ဒမာလာ၊ ခေမာရာမသီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

**သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ကောင်းမှုလုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကောင်းမှုလုံကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တနန္ဒဝံသ၊ မြရတနာသာသနာပြုကျောင်း၊ စလောင်းစုစည်းကျေးရွာ၊ ရှားတောမြို့နယ်၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တကစ္စာယန၊ ဘုရင့်နောင်တပ်ဦးကျောင်းတိုက်၊ (၅)ရပ်ကွက်၊ သံတောင်ကြီးမြို့၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တဇောတိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန (ကျင်ဒွေး) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျင်ဒွေးကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်။

၅။ ဘဒ္ဒန္တသုဇနိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆော်လော်နောက်အင်းကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တဝေပုလ္လသိရီ၊ ရွှေကျောင်းကြီးကျောင်းတိုက်၊ ဘူးကိုင်း (စံပြ) ကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တဇဝနတိက္ခ၊ အင်္ဂမော်ကျောင်းတိုက်၊ အင်္ဂမော်စံပြကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တပညာဇောတ၊ ရွှေမင်းဝံပုညကုသလကျောင်းတိုက်၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တဇောတိက၊ မြတ်ဆုမွန်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဓမ္မာလင်္ကာရကျောင်းတိုက်၊ သစ်လေးလုံးကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။

၁၀။ ဘဒ္ဒန္တဝေပုလ္လ၊ မြို့လယ်သာသနဝေပုလ္လစာသင်တိုက်၊ အောင်ဇေယျရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။

၁၁။ ဘဒ္ဒန္တဝိမလ၊ ဘုရားကုန်းတောင်တောရကျောင်းတိုက်၊ ကျီးပင်ကန်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ရွာသာယာကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တသောမာစာရ၊ အမှတ်(၇)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကုန်းမြင့်ရတနာကျောင်းတိုက်၊ မြို့ဦးကွက်သစ်ရပ်ကွက်၊ ငဖဲမြို့၊ မကွေးတိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တသုဘောဂ၊ မိုးကုတ်ဝိပဿနာငြိမ်းချမ်းဓမ္မရိပ်သာကျောင်း၊ ဘုံပျံတောရတိုက်၊ (၆၂)လမ်း၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တခေမာစာရ၊ စလင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဓမ္မသုခရောင်ခြည်ကျောင်းတိုက်၊ ကြောင်ကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၁၅။ ဘဒ္ဒန္တဝိသဒဉာဏ၊ အေးကမ္ဘာရိပ်သာ၊ ကရင်စုကျောင်းတိုက်၊ မိုးနိုင်းရပ်ကွက်၊ ပေါင်မြို့၊ မွန်ပြည်နယ်။

၁၆။ ဘဒ္ဒန္တမဏိသာရ၊ အောင်မြေဗောဓိသာသနာ့ရိပ်သာ၊ အလိုတော်ပြည့်ကျောင်းတိုက်၊ မောင်တောမြို့၊ ရခိုင်ပြည်နယ်။

၁၇။ ဘဒ္ဒန္တစန္ဒိမာ၊ သုခဝတီပရိယတ္တိစာသင်တိုက်၊ သုခါဝါသဓမ္မရိပ်သာ၊ ညောင်ပင်သာကျေးရွာ၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၈။ ဘဒ္ဒန္တဉာဏဓဇ၊ ဓမ္မရက္ခိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မလွှကုန်းမီးရထားရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ဘဒ္ဒန္တဥတ္တမ၊ ပညာဗောဓိကျောင်းတိုက်၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၂၀။ ဘဒ္ဒန္တပုညာနန္ဒ၊ စိတ္တသုခဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ စိတ္တသုခပရိယတ္တိစာသင်တိုက်၊ ရပ်ကွက် (၇)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

၂၁။ ဒေါက်တာဘဒ္ဒန္တနရိန္ဒ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ ရွှေသူဌေးကုန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၂၂။ ဘဒ္ဒန္တနန္ဒောဘာသ၊ မန်ပျဉ်ကျောင်းပရိယတ္တိစာသင်တိုက်၊ မန်ပျဉ်ကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။

၂၃။ ဘဒ္ဒန္တပညာသိရီ၊ ကျိုင်းတုံကျောင်းတိုက်၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၂၄။ ဘဒ္ဒန္တဝါယာမိန္ဒ၊ အောင်မင်္ဂလာဘိုးတော် ပရိယတ္တိစာသင်တိုက်၊ ပန်းတိမ်တောင်ရပ်ကွက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်။

၂၅။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ မဏိရတနာဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၊ မြို့ကွက်သစ် ( ၂ )၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၆။ Most Ven.Samdech Prech Vannaratta Nay Chroek (ဘဒ္ဒန္တဆန်းမ်ဒက်ခ် ပရက်ခ်ဘန်နရတ် တနေချောက်)၊ Chandapurivong ဘုန်းတော်ကြီးကျောင်း၊ Panhea Leur ခရိုင်၊ Kandal ပြည်နယ်၊ ကမ္ဘောဒီးယားနိုင်ငံ။

၂၇။ ဘဒ္ဒန္တသာသန၊ သာသနစင်တာကျောင်း၊ 26 A, Avalon 19, Taihang Road, ဟောင်ကောင်မြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

၂၈။ ဘဒ္ဒန္တဥက္ကံသာစာရ၊ ဗုဒ္ဓသာသနာပြုကျောင်း၊ F-4,BL-1,EDIF IAO HEI, 95 RUA KUN IAM TONG, မကာအိုမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

၂၉။ Fu Jue @ Zhi Ru (ဘဒ္ဒန္တဖူဂျူ(ခ)ရှီရူ)၊ Da Bei Chan Si ဘုရားကျောင်း၊ တီယန်ကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

၃၀။ Dr. Most Ven. Thich Nhat Tu (ဒေါက်တာဘဒ္ဒန္တသစ်ခ်နက်တူ)၊ ဖပ်ငွေ့ကျောင်း၊ ဟိုချီမင်းမြို့၊ ဗီယက်နမ်နိုင်ငံ။

၃၁။ Most Ven. Bounthanh Pounyakamo(ဘဒ္ဒန္တဘောင်သန်းပုညကာမော)၊ Paphonepao Temple, Louangphabang ခရိုင်၊ Louangphabang ပြည်နယ်၊ လာအိုနိုင်ငံ။

၃၂။ ဒေါက်တာဝါပိုလာဝိမလဉာဏ၊ ဂင်္ဂါရာမမဟာဝိဟာရ၊ ပေလိယဂေါဒ၊ ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ။

**သီလရှင်ဆရာကြီးများ**

၃၃။ ဒေါ်ဓမ္မိသရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုရောင်ခြည်ဦးသီလရှင်စာသင်တိုက်၊ မရှီကထောင်ရပ်ကွက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်။

၃၄။ ဒေါ်ဉာဏသိင်္ဂီ၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၃၅။ ဒေါ်ဧသေဝတီ၊ သာသနဟိတကာရီသီလရှင်စာသင်တိုက်နှင့် သီလရှင်သင်မူလတန်းလွန်ကျောင်း၊ ရပ်ကွက် (၈)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

၃၆။ ဒေါ်ဥပ္ပလထေရီ၊ ရွှေမောင်းသာသနဝေပုလ္လသီလရှင်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်။

**လူပုဂ္ဂိုလ်**

၃၇။ ဒေါက်တာလှဝင်းအောင်၊ အမှတ်(၆၉)၊ အခန်းအမှတ်(၅၀၇)၊ ယုဇနကွန်ဒိုတာဝါ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကဥ္စနသာရ၊ ကသစ်ဝိုင်ဓမ္မရိပ်သာကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တက္ကန္ဒိယ၊ ဒီပါအေးမြမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ပေါက္ကူကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တက္ကန္ဒက၊ ရွှေလင်းယုန်ကျောင်း၊ မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာတရားတော်ပြန့်ပွားရေးဌာနချုပ်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တသောဘန၊ ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ ကုန်းမြင့်သာရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တသောဘန၊ ဆန်တန်းကျောင်းသစ်ကျောင်း၊ သာမညမိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃။ ဘဒ္ဒန္တဝါယာမိန္ဒ၊ ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ နွယ်သာဂီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တထေရဝံသ၊ (စကားလှ)မြှောရုံကျောင်းတိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တဉာဏသိရီ၊ ကျစွာရန်အောင်မြင်မဟာစည်ရိပ်သာကျောင်းတိုက်၊ ဥယျာဉ်ကြီးကျေးရွာ၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တဇဋိလ၊ ဗုဒ္ဓဂုဏ်ရည်ပုညဝတီမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ မဲထီးလမ်း၊ ဈေးလယ်စိုးရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဒေါက်တာသာရင်မြတ်၊ အမှတ်(၄၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဦးကိုကိုအေး၊ အမှတ်(၈၀-ဂျီ)(၁)၊ ကမ္ဘောဇလမ်းသွယ်(၂)၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်ခင်သန်းဦး၊ အမှတ်(၄၀)၊ ကံပွင့်လမ်း၊ (၇)ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး။

၂။ ဒေါ်စန်းကြူ၊ မင်္ဂလာခြံ၊ (၇၃)လမ်း၊ ၂၇×၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါ်အုန်းကြင်၊ အမှတ် - ၉၄၁ + ၄၁ (က)၊ ကံ့ကော်လမ်းနှင့်အသောကလမ်းထောင့်၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ဒေါ်နီလာရွှေ၊ အမှတ်( ၈၃ )၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာမျက်နှာ ၉ သို့

# ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၈ မှ

၅။ ဒေါ်မြင့်မြင့်ဝင်း၊ I-2၊ စံပယ်လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သိရီသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးနန္ဒ၊ အမှတ်(၁)၊ မြို့မရပ်၊ အနော်ရထာလမ်း၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဦးကျော်ဝင်း၊ အမှတ် (ဒ- ၃ / ၅၅)၊ ၃၇×၃၈ လမ်းကြား၊ (၆၃) လမ်း၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဦးမြတ်ချိုဝင်း၊အမှတ်(၇၂)၊ဘုန်းကြီးလမ်း၊(၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်နုနုငယ်၊ အမှတ်(၃၃-စီ)၊ မိုးကောင်းလမ်းသွယ်၊ ပြည်သာယာဘောက်ထော်(၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဒေါ်ရွှေစင်၊ အမှတ် (၃၂)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၇) မိုင်၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ဒေါ်စန္ဒာဝင်း၊ အမှတ်(W 66)လုံးချင်းတိုက်၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးမောင်သိန်း၊ အမှတ်(၄၆/အီး)၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဦးဇေယျသူရမွန်၊ အမှတ်(၉)၊ ခြံအမှတ်(၁၀)ပန်းကော့ဗီလာ၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါက်တာဒေါ်ဌေးဌေးခိုင်၊ အကွက်(၇၀၆)၊ အမှတ်(၁၃၈)၊ (၇၅)လမ်း၊ ၃၂×၃၃ လမ်းကြား၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဒေါ်ခင်ပြုံးယဉ် (ခ) မငယ်၊ အကွက် (၅၅၆)၊ အမှတ်(၁၄၄)၊ (၃၄)လမ်း၊ ၈၀×၈၁ လမ်းကြား၊ အောင်နန်းအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါ်ဌေးဌေးသိန်း၊ အကွက်အမှတ်(၂၇၀)၊(၃၄) လမ်း၊ ၈၆×၈၇ လမ်းကြား၊ စမွန်းရပ်၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄။ ဒေါ်နန်းချစ်ဆွေ၊ အမှတ်(၁၇)၊ ရွှေဝတ်မှုံ(၁)လမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**

၁။ ဦးချစ်ခိုင်၊ အမှတ်(၂၉)၊ ဦးဝိစာရလမ်း၊(၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဦးကျော်လွင်၊ ခြံအမှတ်(၁၁၄)၊ ဖောင်တော်ဦးဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၃။ ဦးသက်ဆွေ၊ အမှတ်(၁၅၈)၊ နှင်းဆီဖြူလမ်း၊ (၃၀)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ဦးသိန်းဝင်း(ခ) ဦးသိန်းဝင်းမြတ်၊ အမှတ် (၃၆၆ / ၃၆၇)၊ သခင်အုန်းဖေကြီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဦးသန်းဌေး၊ ခြံအမှတ်(၂၄+၂၅ )၊ ရွှေကြာရံအိမ်ရာ၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်မြသိန်း၊ အမှတ်(၂၆၉)၊(၂၈)လမ်း၊ ၈၂×၈၃ လမ်းကြား၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဒေါ်ညိုညို(ခ)ဒေါ်မြမြ၊ အကွက်(၉၅)၊ (၁၉) လမ်း၊ ၉၀×၉၁ လမ်းကြား၊ ဈေးကုန်းရပ်၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ ဒေါ်လှလှဝေ၊ အမှတ် (၂၇၃/က)၊ လမ်း(၈၀)၊ ၃၂×၃၃ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄။ ဒေါ်ခင်စန်းလွင်၊ အိမ်အမှတ် (၂၇၃)၊ (၃၅) လမ်း၊ ၈၀×၈၁ လမ်းကြား၊ ကျားလှျာဝင်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၅။ ဒေါ်ရင်ရွှင်၊ မ(၂)၊၄-ဃ/၅-င၊(၆၃)လမ်း၊ သိပ္ပံလမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၆။ ဒေါ်သင်းသင်းထွေး၊ အမှတ် (၅၉၄)၊ ၂၈×၂၉ လမ်းကြား၊ ၈၀×၈၁ လမ်းကြား၊ ရှေ့တော်ပြေးဝင်း၊ ချမ်းအေးသာစံအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၇။ ဒေါ်ခင်ခင်ချောလွင်၊ အမှတ် (၁၂/စ)၊ လမ်း(၃၀)၊ ၇၃×၇၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဒေါ်ညိုညိုဝေလွင်၊ အမှတ် ( ၆ )၊ လမ်းမကြီးလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၉။ ဒေါ်ဆိုက်တီ၊ အမှတ် (၁၉)၊ ပဒုမ္မာလမ်း၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ဒေါ်ညွန့်ညွန့်၊ အမှတ် (၂၉၃/စီ)၊ ဝေဇယန္တာလမ်းနှင့် (၁၀)လမ်းထိပ်၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ဒေါ်သင်းသင်းလှ၊ အမှတ်(၉၄)၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ဒေါ်ခင်ခင်စု၊ အမှတ်(၁၆)၊ ဘောက်ထော်ဘုတာရုံလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဒေါ်ဌေးဌေးဝင်း၊ အမှတ်(၆၀)၊ မြေညီထပ်၊ မြေနီကုန်းဈေးလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဒေါ်မြင့်မြင့်ဆွေ၊ ခြံအမှတ်(၅)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ဒေါ်ခင်မြင့်ရီ၊ အမှတ် (ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ဒေါ်တင်လတ်မင်း၊ အမှတ်(၁၀)၊ ရတနာမွန်(၃)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

**☆ ဒုတိယသမ္မတမှ**

တူညီမှုများရှိသကဲ့သို့ မတူညီမှုများရှိပြီး နှစ်ဖက်စလုံးအနေဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေလိုချင်သည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ သို့သော် ပဋိပက္ခဖြစ်လာသည့်ကာလကိုပြန်ကြည့်ပါက ဆွေးနွေးသည့်အခါ ဖြစ်နိုင်သည်ထက် ဖြစ်ချင်သည်ဆိုသည့် စိတ်ခံစားချက်များက တစ်ခါတစ်ရံ လွှမ်းမိုးနေသည်ဆိုသည့် အချက်ပါဝင်သည်ဟု မိမိအနေဖြင့် ယူဆမိပါကြောင်း၊ တစ်ဖက်ကပြန်ကြည့်လျှင် လူဆိုသည်မှာ ခံစားချက်များနှင့် အသက်ရှင်သူများဖြစ်ပါကြောင်း၊ ဖြစ်မှုပျက်မှုပေါ်မူတည်ပြီး ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ဒေါသမောဟများနှင့် ဖုံးလွှမ်းနေတတ်ကြသူများဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးကြသည့်အခါ စိတ်ခံစားချက်သည် ဆွေးနွေးပွဲကို မလွှမ်းမိုးရန်လိုအပ်ပါကြောင်း၊ ဆွေးနွေးသည်ဆိုရာတွင် မည်သည့်ခေါင်းစဉ်အပေါ်၌ ဆွေးနွေးသည်ဖြစ်စေ အပေးအယူ၊ အလျှော့အတင်းရှိပါမှ ဆွေးနွေးသည်ဟုခေါ်ဆိုနိုင်ပါကြောင်း၊ သို့မဟုတ်ပါက တစ်ဖက်က လုပ်ခိုင်းသည်ကို တစ်ဖက်က လိုက်နာရသည်ဟူသည့် စိတ်ခံစားချက်မျိုးဝင်သွားပါက အောင်မြင်ရန်ကြန့်ကြာသွားနိုင်ပါကြောင်း၊ ထို့ကြောင့် နှစ်သစ် ၂၀၁၅ ခုနှစ်တွင် မြေကြီးလက်ခတ်မလွဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် စိတ်သစ်လူသစ်အမြော်အမြင်သစ်များနှင့် ဆက်လက်ဆွေးနွေးနိုင်ပါစေဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ညစာစားပွဲသို့ တက်ရောက်လာသည့် အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကိုယ်စား *KNU* ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးက လက်ခံသည်။**(ယာပုံ)**

အဆိုပါ ညစာစားပွဲသို့ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**❖ 'ခ'အဲကွန်းအထူးရထားမှ**

ဒုတိယမြောက် အထူးတွဲဆိုင်းကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် စီစဉ်ပြေးဆွဲခဲ့ကာ ဩဂုတ် ၂၄ ရက်တွင် တတိယမြောက် အထူးတွဲဆိုင်းဖြင့် ပြေးဆွဲပေးခဲ့သည်။ ထို့နောက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စတုတ္ထမြောက် အဲကွန်းအထူးရထားတွဲဆိုင်းဖြင့် ထပ်မံဖြည့်သွင်းကာ စီစဉ်ခဲ့ကြောင်းသိရသည်။ ယခုထပ်မံကာ အဆင့်မြင့်တင် ဖြည့်စွက်ပြေးဆွဲလိုက်သည့် 'ခ' အဲကွန်းအထူးရထား Roof Mounted Type Air Con; System ဖြစ်ပြီး မီးစက် မှ လျှပ်စစ်ဓာတ်အားဖြင့် AC မော်တာများကို မောင်းနှင်ကာ AC မော်တာများမှ တစ်ဆင့် လေအေးစက်ကွန်ပရက်ဆာများကို မောင်းနှင်ခြင်းတို့ဖြင့် အအေးဓာတ်ကိုရရှိစေသည့်စနစ်ဖြစ်ကြောင်း၊ အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန် ခရီးစဉ်၊ ရန်ကုန်-အင်းစိန်ခရီးစဉ်၊ အင်းစိန်-လှော်ကားခရီးစဉ်၊ အင်းစိန်-ရန်ကုန် ခရီးစဉ်၊ မြို့တစ်ပတ်လည်ဝဲရစ်ပတ်သည့်ခရီးစဉ်၊ ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် အစရှိသော ခရီးစဉ် များကို ဝန်ဆောင်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ 'ခ'အဲကွန်းအထူးရထားတွဲဆိုင်းပြေး ဆွဲပေးမှုအတွက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၆ နာရီခွဲခန့်က ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ်(၁)တွင် ကျင်းပခဲ့ရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထိုအဲကွန်းအထူးရထားများတွင် ဘူတာသို့ ရောက်ရှိပြီး ရထားရပ်တန့်ချိန်မှ တံခါးဖွင့်ကာ စနစ်တကျ အတက်အဆင်းလုပ်ရသည့်အတွက် မလိုလားအပ်သော အန္တရာယ်ဖြစ်ပွားမှုမှ ကင်းဝေးစေသည့် အားသာချက်များရှိနေကြောင်း သိရသည်။ ယင်းနှင့်ပတ်သက်ပြီး ရုံးတက်/ရုံးဆင်းရထားစီး ခရီးသည်တစ်ဦးက "အရင်ကတော့ မြို့ထဲကို အလုပ်လာဆင်းရင် ကားနဲ့လာတယ်။ ကားက သမိုင်းလမ်းဆုံကျော်ကျော်က အုတ်ကျင်းပါရမီလမ်းဆုံရယ်၊ လှည်းတန်းရယ်၊ မြေနီကုန်းရယ်စတဲ့နေရာတွေမှာ ယာဉ်ကြောပိတ်ဆို့တာတွေ၊ မြို့ထဲရောက်ရင် လည်း လမ်းမတော်မီးပွိုင့်ကို ကျော်တာနဲ့ မဟာဗန္ဓုလလမ်း တစ်လျှောက် မကြာခဏ ယာဉ်ကြောပိတ်ဆို့နေတာတွေကြောင့် ရထားစီးဖြစ်လာပါတယ်။ ရထားနဲ့ အင်းစိန်ကနေ ရန်ကုန်ဘူတာကြီးအထိလာရင် ကားနဲ့လာတာထက် အချိန်ကုန်သက်သာတဲ့အပြင် သက်သောင့်သက်သာရှိပါတယ်"ဟု ရှင်းပြသည်။

ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ခရီးသည်များကြုံတွေ့ရသော အခြေအနေကို မြန်မာ့မီးရထားမှ ကူညီဖြေရှင်းပေးသည့်အနေဖြင့်လည်း ကွန်ကရစ်ကမ်းနားလမ်းတစ်လျှောက်တွင် RBE တွဲဖြင့် ရထားနှစ်စင်းကို ပြေးဆွဲပေးခဲ့ပြီး ဖြစ်သည်။ မြို့ပတ်ရထားတွဲဆိုင်းများတွင် 'ပ'ရထားတွဲဆိုင်းတွင်လည်း ယခင်က ကျပ် ၅၀၊ ၁၀၀၊ ၂၀၀ တန်တွဲ များဖြင့် သတ်မှတ်ပြေးဆွဲခဲ့ရာမှ ယနေ့မှစတင်ကာ ကျပ်၂၀၀ တန်အထူးတွဲဆိုင်းဖြင့် ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

## လွှတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု ပျော်ပွဲ ရွှင်ပွဲ ကျင်းပ

**ဒလ ဇန်နဝါရီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်း ဦးစီး၍ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ဟောပြောပွဲနှင့် ပျော်ပွဲရွှင်ပွဲ"အခမ်းအနားကို အဆိုပါကျောင်းရှေ့ရှိ အားကစားကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းက လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ၊ လွတ်လပ်ရေး၏ တန်ဖိုးနှင့် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် စိတ်ဝင်စားဖွယ်အကြောင်းများကို ပြောကြားခဲ့သည်။

ထို့နောက် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူများက ထုပ်ဆီးတိုး၊ စာအုပ်ရွက်၊ ပူဖောင်းညှပ်-ပြေး၊ အာလူးကောက်၊ မုန့်စားပြိုင်၊ အရောင်ရွေးပြိုင်၊ သားရေကွင်းပစ်၊ သံပုံးရိုက်၊ ခုံလုထိုင် စသောအားကစားနည်းများတွင် ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆရာဆရာမများ၊ ကျောင်းသားမိဘများ၊ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသားကျောင်းသူများက အားပေးကြည့်ရှုကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

# ဒုတိယအကြိမ် တောင်သူလယ်သမား(လယ်ယာကဏ္ဍ)ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ပဏာမအဆင့်ရွေးချယ်ထားသည့် တေးသီချင်းများအား ဆုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ စက်မှုလယ်ယာမြေ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်း၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပသည့် ဒုတိယအကြိမ် တောင်သူလယ်သမား(လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ပဏာမအဆင့် ရွေးချယ်ထားသည့် တေးသီချင်းများ ဆုချီးမြှင့်ခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ မျိုးစေ့ထုတ်စိုက်ကွင်း မျိုးစေ့ချပွဲတော်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကာလတွင် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးကို နေပြည်တော် ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်းလုံးတစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်လျက်ရှိရာ အတိုင်းအတာတစ်ရပ်အထိ ခိုင်မာသောအုတ်မြစ် ချမှတ်နိုင်ခဲ့ပြီဖြစ်၍ ကျန်ရှိသော အစိုးရသက်တမ်း တစ်နှစ်ကျော်ကာလကို တောင်သူလယ်သမားများအား ဗဟိုပြု၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် World Bank, FAO, IFAD တို့နှင့် JICA, KOICA တို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီများ၊ မိတ်ဖက်နိုင်ငံအသီးသီးတို့က ယုံကြည်လက်ခံလာကြသည့်အတွက် ယနေ့ကာလ၌ အထောက်အပံ့၊ ချေးငွေအကူအညီများ အများအပြား ဝင်ရောက်လာသည်ဖြစ်ရာ ယခင်ကထက် ပိုမို၍ အလားအလာကောင်း အခြေခံကောင်းများစွာ ရရှိနေပြီဖြစ်ကြောင်း။

တောင်သူလယ်သမားများ အပါအဝင် ပြည်သူလူထုက လိုလားတောင့်တလျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို လက်တွေ့ကျကျ အလျင်အမြန်တစ်ခုတည်းသော အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးသာလျှင် တစ်ခုတည်းသော ရွေးချယ်ရမည့်လမ်းကြောင်း ဖြစ်ပါကြောင်း။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးကို နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူများက တစ်ခဲနက်ကြိုးပမ်းလုပ်ဆောင်နေမှုအပေါ် ဂီတစာဆိုပညာရှင်များအနေဖြင့် တစ်တပ်တစ်အား အားပေးချီးမြှင့်ဆောင်ရွက်နေမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကျေးလက်နေပြည်သူလူထုအများစုအတွက် မှန်ကန်သော၊ တည့်မတ်သော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ် ကဏ္ဍနယ်ပယ်အသီးသီး၌ မိမိတို့၏ ကျေးဇူးရှင်တောင်သူများကို ဗဟိုပြုပြီး မွန်မြတ်သော စိတ်ကောင်းစေတနာမှန်များဖြင့် နိုးကြားစွာ ပူးပေါင်းပါဝင်ကြိုးစား ဆောင်ရွက်နေမှုများကို နိုင်ငံတော်အစိုးရကိုယ်စား၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ဝမ်းမြောက်စွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် နှစ်သစ်ကူးကာလနှင့်တိုက်ဆိုင်ပြီး မိမိတို့မိသားစု၊ မိမိတို့ကျေးရွာ၊ မိမိတို့ တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝ တိုးတက်သာယာပါစေကြောင်းဆုတောင်းစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေးက တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆန်ခါတင် ရွေးချယ်ထားသော ဆုရတေးသီချင်း ၂၅ ပုဒ်အား ကြေညာခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးကျော်က တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းလွှင့်ထုတ်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့မှုနှင့် တောင်သူလယ်သမား(လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ကျင်းပခြင်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆန်ခါတင် ရွေးချယ်ထားသောဆုရတေးသီချင်း ၂၅ ပုဒ်အတွက် တစ်ပုဒ်လျှင် ငွေကျပ်ငါးသိန်းစီဖြင့် ဂီတစာဆိုပညာရှင်များအား တစ်ဦးချင်း ဆုငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဂီတအစည်းအရုံးဝင်များ၊ ဆုရဂီတစာဆိုပညာရှင်များ စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူလယ်သမားများတို့နှင့်အတူ ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းအတွင်း သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် မျိုးစေ့ချပျိုးကြဲပွဲတော်ကို တပျော်တပါးဖြင့် ကိုယ်တိုင်ပါဝင်၍ ပျိုးကြဲပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဂီတစာဆိုပညာရှင်များသည် အလျှင်လိုကျေးရွာအနီးရှိ မြန်မာ့လယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီ၏ တစ်နေ့တန် ၁၀၀ ကျ ဆန်ဖြူကြိတ်ခွဲစက်နှင့် တစ်နေ့တန် ၁၂၀ ကျ ပေါင်းဆန်စက်ရုံ တည်ဆောက်တပ်ဆင်နေမှု၊ တောင်သူလယ်သမားများအတွင်း လယ်ယာသုံး စက်ကိရိယာများ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ခေတ်မီလယ်ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ အသင့်ရောက်ရှိနေမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၏ အထောက်အပံ့အကူအညီဖြင့် ဖော်ထုတ်လျက်ရှိသော စက်မှုလယ်ယာမြေစနစ် ဟက်တာ(၁၀၀) ဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ လေ့လာကြသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းသို့ရောက်ရှိကြပြီး အောင်မြင်ဖြစ်ထွန်းနေသော နာနတ်သီးနှံစိုက်ခင်း၊ ကညွတ်သီးနှံစိုက်ခင်း၊ ကိုရီးယားပညာရှင်များ အဖွဲ့နှင့် သုတေသနပြု စိုက်ပျိုးထားသော ခရမ်းချဉ်သီးစိုက်ခင်း၊ ခရမ်းသီးစိုက်ခင်း၊ ပဲပုပ်စိုက်ခင်း၊ သခွားမွှေးစိုက်ခင်းများကို လည်းကောင်း၊ ရောမဖရုံသီးစိုက်ခင်းကိုလည်းကောင်း၊ တစ်ဧကလျှင် ကြံတန်ချိန် ၈၀ ထွက်ရှိနိုင်သော ကြံတစ်ဆစ်ချင်းစီ မျိုးပွားစိုက်ပျိုးထားသော စိုက်ခင်းကိုလည်းကောင်း၊ တစ်ဧက ပိဿာ ၁၂၀၀ ထွက်ရှိသော ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါစိုက်ခင်းကိုလည်းကောင်း စင်တင်စနစ်ဖြင့် စိုက်ပျိုးထားသော စပ်မျိုးဖရုံသီးစိုက်ခင်းကိုလည်းကောင်း၊ ပိုက်ကွန်စနစ်ဖြင့် စိုက်ပျိုးထားသော သခွားမွှေးစိုက်ခင်းများကို လည်းကောင်း၊ စင်တင်ဘူးသီး စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဒုတိယအကြိမ် တောင်သူလယ်သမားဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ပဏာမဆုရရှိသူများ၏ ရင်တွင်းစကားသံများ



လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက စပါးအထွက်တိုးရေးအတွက် အဓိကထားပညာပေးလျက်ရှိတဲ့ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်ဟာ ယနေ့စိုက်ပျိုးရေးလုပ်ငန်းမှာ အရေးကြီးလျက်ရှိတဲ့အတွက် ယင်းအကြောင်းကို ရေးသားသီဆိုထားပါတယ်။

**(ကိုဖိုးအေး-မြန်မာ့အသံ)**
**၁၄ ဒီစနစ်**



ကမ္ဘာ့နိုင်ငံအချို့ ရေခံမြေခံမကောင်းတာတောင် စိမ်းလန်းတဲ့ လယ်ယာမြေတွေဖြစ်အောင် ဖန်တီးနိုင်ခဲ့တာတွေရှိတော့ မြန်မာ့လယ်ယာမှာလည်း သိပ္ပံနည်းစနစ်သစ်နဲ့ စိုက်ပျိုးဆောင်ရွက်နိုင်မယ်ဆိုရင် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုကြီးလာပြီး လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက်လာပြီး ပြည်တွင်းသာမက ပြည်ပထိတင်ပို့ရောင်းချနိုင်မှာဖြစ်ကြောင်း အခြေခံပြီးရေးသားတာဖြစ်ပါတယ်။

**တက္ကသိုလ်တင်မောင်ဝင်း**
**လယ်ယာမြေဆီ ခွန်အားစုံညီ**



လယ်ယာတစ်ခေတ် စက်မှုစနစ်နဲ့ လယ်သမားဘဝဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က နည်းပညာစနစ်များနဲ့ မျိုးသန့်အထွက်တိုးစပါးကအစ ကူညီဖြည့်ဆည်းပေးနေကြောင်း သုတရသပေးသီချင်းဖြစ်ပါတယ်။

**(ခင်မောင်လွင်-ဆရာအတတ်သင်)**
**လယ်ယာတစ်ခေတ် မော်ကွန်းသစ်**



လယ်ယာမြေ တစ်နံတစ်လျားမှာ ရွှေရောင်ဝင်းတဲ့စပါးတွေ ပေါကြွယ်ဝပြီး အလှူရေစက်လက်နဲ့မကွာ လှူဒါန်းနိုင်တဲ့ မြန်မာ့တောင်သူများကို ဂုဏ်ပြုရေးစပ်ခြင်းဖြစ်ပါတယ်။

**(ဗိုလ်တထောင်ကိုဦး)**
**ထာဝရရွှေအဆင်း**
**မြန်မာ့လယ်ကွင်း**



ဆန်စပါးဟာ တိုင်းအခြေပြည်၏ အမြစ်ဖြစ်သဖြင့် တိုးတက်လာတဲ့ ခေတ်နဲ့အတူ သိပ္ပံနည်းကျစနစ် တစ်ခန်းသစ်အောင် ဆောင်ရွက်ပါမှ နိုင်ငံရဲ့ဆန်စပါး ရွှေတစ်ခေတ်ကို ပြန်လည်ရောက်ရှိလာမှာ ဖြစ်ပါတယ်။

**လက်ပံတန်းအေးသန်း**
**တိုင်းအခြေပြည်အမြစ်**
**လယ်ယာကဏ္ဍ တစ်ခန်းသစ်**



တောင်သူလယ်သမား အဘိုးအဘွားများ၊ အဖေအမေတို့မှ မွေးဖွားပြီး လယ်ယာမြေကို ချစ်ခင်မြတ်နိုးသောစိတ်နဲ့ ရေးသားပါတယ်။

**ကူကူး**
**လယ်ယာဖွံ့ဖြိုးတိုးတက်စေ**



ကျွန်တော်ကိုယ်တိုင် လယ်သမားတစ်ယောက်ပါ။ စိုက်ပျိုးသမျှတွေဖြစ်ထွန်းစေချင်ပါတယ်။

**ကိုဂွန်**
**ရွှေရောင်လွှမ်းတဲ့ အနာဂတ်လွင်ပြင်**



ကျွန်တော်ဒီသီချင်းကို တောင်သူလယ်သမားများရဲ့ဘဝနဲ့ တောင်သူလယ်သမားများရဲ့ကျေးဇူးကို အဓိကဖော်ကျူးရေးဖွဲ့ထားတာပါ။

**(မိုးသစ်)**
**အဖိုးတန် အုတ်တစ်ချပ်**



တောင်သူလယ်ယာကဏ္ဍ ထာဝရထွန်းတောက်ရန် တောင်သူအကျိုးပြုတေးများ ဆက်လက်ရေးသားဂုဏ်ပြုလျက်ရှိပါတယ်။

**ဝေလင်း(သုခမ)**
**တောင်သူဗိုခေတ်**
**ထွန်းသစ်မြန်မာပြည်**

❐



လူသားအားလုံးအသက်ရှင်နေထိုင်ရေးအတွက် အဓိကစိုက်ပျိုးရေးလုပ်ပေးနေကြတဲ့ တောင်သူတွေအားလုံး ကျေးဇူးရှင်များပါပဲ။

**ပေါက်(စ်)DRUM**
**ကျေးဇူးရှင်များ**

❐

ဒီသီချင်းလေးထဲမှာတော့ တောင်သူဦးကြီးတွေကို လေးစားဂုဏ်ယူတဲ့အကြောင်းနဲ့ စနစ်ကျတဲ့ သိပ္ပံနည်းစနစ်နဲ့ ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးကြလို့ အထွက်တိုးပြီး တောင်သူတွေဘဝ ဖွံ့ဖြိုးတိုးတက်လာကြတဲ့အကြောင်း၊ လက်မှုမှ စက်မှုစနစ်ကို



ပြောင်းလဲတိုးတက်လာတဲ့ အကြောင်းလေးတွေကို ထည့်သွင်းရေးစပ်ထားပါတယ်ရှင်။

**(မို့မို့ကျော်လွင်)**
**စက်မှုလယ်ယာစနစ်နဲ့ ရွှေဖြစ်တဲ့ ဒို့ကျေးရွာ**

❐

## ပြည်တွင်းရေးရာ



ဇန်နဝါရီ ၃ ရက်ညပိုင်းက (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအဖြစ် ရန်ကုန်မြို့ရှိ မဟာဗန္ဓုလပန်းခြံ၌ ရောင်စုံမီးများဖြင့် အလှဆင်ထားသည်ကို ဤသို့ တွေ့ရစဉ်။ (ဇော်မင်းလတ်)

## လူထုအကျိုးပြုကျန်းမာရေးပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃**

လူထုအကျိုးပြု ကျန်းမာရေးပညာပေးဆွေးနွေးမှုကိုရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းရှိ အမျိုးသား ကျန်းမာရေးပြတိုက်တွင် ယနေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

ကျန်းမာရေး ပညာဌာနက လူထုအတွင်း ဖြစ်ပေါ်နေသော ရောဂါများနှင့်ပတ်သက်ပြီးပညာပေးဆွေးနွေးရာတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများပေါ်မူတည်၍ လအလိုက် အစီအစဉ်တစ်မျိုးစီပြုလုပ်ကာဆွေးနွေးခဲ့ကြခြင်းလည်းဖြစ်သည်။

"တစ်ကမ္ဘာလုံးမှာ မြန်မာနိုင်ငံအပါအဝင် AIDS ဖြစ်ပွားနှုန်းကျလာတယ်။ တဖြည်းဖြည်းနဲ့ HIV ပိုးကို အောင်နိုင်တဲ့ အနေထားမျိုးရောက်လာတယ်" ဟုကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာသန်းထွဋ်ကပြောသည်။ ထိုကဲ့သို့ လျော့နည်းကျဆင်းလာရခြင်းမှာ လူထုအကျိုးပြုကျန်းမာရေး ပညာပေးဆွေးနွေးပွဲများကြောင့်ဖြစ်ပြီး ဟောပြောပညာပေးဆွေးနွေးခဲ့သော ကာကွယ်ရေးနည်းလမ်းများကို အများပြည်သူတို့မှသတိရှိရှိဖြင့် လက်ခံကျင့်သုံးကာလိုက်နာဆောင်ရွက်ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ယခုဆွေးနွေးပွဲတွင် အိတ်ချ်အိုင်ဗွီနှင့် လူသားအဆောက်အအုံခေါင်းစဉ်ဖြင့် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှု လျော့ပါးရေးဆိုင်ရာပညာပေးစီမံချက်များတွင် ပါဝင်လုပ်ဆောင်ခဲ့သည့် ဒေါက်တာထွန်းဝင်းနှင့် ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးအောင်ကျော်ကျော်က အိတ်ချ်အိုင်ဗွီနှင့် ကျန်းမာရေးပညာစသောခေါင်းစဉ်များဖြင့်ဆွေးနွေးခဲ့ကြသည်။ ပြည်တွင်းရှိခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်များတွင် ပညာပေးနေသည့် အိတ်ချ်အိုင်ဗွီပိုးကူးစက်နိုင်သောနည်းလမ်းများ၊ ကာကွယ်လုပ်ဆောင်သင့်သည့် နည်းလမ်းများအပြင် ပညာပေးမှုတွင်မပါဝင်သေးသည့် ယနေ့ခေတ်လူထုကြားတွင် ခေတ်စားလာသော ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများအကြောင်းကိုဆွေးနွေးပညာပေးခဲ့ကြခြင်းလည်းဖြစ်သည်။

လွန်ခဲ့သောလကဆင်ခြေထောက်ရောဂါနှင့်ပတ်သက်၍ သက်ဆိုင်ရာစီမံချက်ဆရာဝန်ကြီးများက ဆွေးနွေးပညာပေးခဲ့သလိုယခုလတွင် အိတ်ချ်အိုင်ဗွီပိုးနှင့်ပတ်သက်ပြီးပညာပေးခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

■




**○ ရောဝတီမှ**

နှစ်သင်းစလုံးတွင် အသစ်ခေါ်ယူထားသည့် ပြည်တွင်း၊ ပြည်ပကစားသမားများ အပါအဝင် လူစုံခဲ့ပြီး ရတနာပုံအသင်း၌ ရန်ပိုင်၊ သီဟစည်သူ၊ နန္ဒလင်းကျော်ချစ်၊ ဇော်လင်းထွန်း၊ ဂျိမ်းစ်မေယာတို့ ပါဝင်ခဲ့သလို ရောဝတီအသင်း၌လည်း မင်းမင်းသူ၊ နေလင်းထွန်း၊ မိုးဝင်း၊ မန်လားဟရွယ်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး အကဲစမ်းနေ၍ ပထမပိုင်းမှာ ထင်သလောက် အကြိတ်အနယ်မဖြစ်ခဲ့ပေ။ ၂၁ မိနစ်တွင် ဩစတြေးလျ ကွင်းလယ်လူ ဂျိမ်းစ်မေယာ၏ အဝေးကန်ချက် ဘားထိထွက်ခဲ့၍ ရတနာပုံနစ်နာခဲ့ရပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ကိုလည်း ရောဝတီအသင်း အသုံးမချနိုင်ခဲ့ပေ။

ရောဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မက်ဆီဒိုနီးယားတိုက်စစ်မှူး ရစ္စတီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း တိုက်စစ်ကစားပုံမကောင်းခြင်း၊ အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူး ဖိုဒေးခြေစွမ်းမပြနိုင်ခြင်းကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကွင်းဝင်ကြေးနှင့် MNL ကလပ်အသင်းများမှ စုပေါင်းလှူဒါန်းငွေများကို ကျိုက်ဝိုင်းမိဘမဲ့ကလေးကျောင်း၊ မေတ္တာဝါဒီပရိဟိတကျောင်း၊ သာကေတမဟာဂန္ဓာရုံ မူလတန်းလွန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ဝါးရုံပင်ဖောင်ဒေးရှင်းတို့အတွက် ကျပ် ၂၅ သိန်းစီ လှူဒါန်းသည်။ ယင်းနောက် အနိုင်ရရှိခဲ့သည့် ရောဝတီအသင်းအား နေပြည်တော်အသင်းပိုင်ရှင် ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက ဆုဖလားချီးမြှင့်သည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

◆◆◆




**သွေးသည် အသက်**

## မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း နှစ်ပတ်လည်ညီလာခံကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၏ (၃၅)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် 16th FDI MDA JOINT EDUCATIONAL MEETING ကို ဇန်နဝါရီ ၇ ရက်မှ ၁၀ ရက်အထိရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် ဆေးကုမ္ပဏီပေါင်း ၂၇ ခုတို့၏ ပြခန်းပေါင်း ၆၃ ခုကို စုပေါင်းဖွင့်လှစ်ခြင်း၊ အားကစားပြိုင်ပွဲများ၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုညစာစားပွဲနှင့် အထွေထွေဆွေးနွေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းခွဲများမှ ကိုယ်စားလှယ်များနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ တွေ့ဆုံစည်းဝေးခြင်းနှင့် ပြည်တွင်း၊ ပြည်ပမှ စာတမ်းရှင်များ၏ သုတေသနစာတမ်း ဖတ်ပွဲများပါဝင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**













**ROLEX , OMEGA** နှင့် **SWISS** နာရီကောင်းများမှန်လျှင် – (၃) နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
လူကြီးမင်းတို့၏ တန်ဖိုးကြီးသောနာရီများအတွက် "အတု – အစစ်" စစ်ဆေးပေးခြင်း
**SERVICE** ပြုလုပ်လိုပါက စေတနာမှန် ... စက်ကိရိယာပစ္စည်းအမှန် ... နှစ်ကြာကြာ တာရှည်သုံးစွဲလိုပါက
နိုင်ငံခြားပြန် **ROLEX** ဦးညွန့်မောင်၏ သားတပည့်များမှ မိတ်ဟောင်း/မိတ်သစ်များအား အချိန်နှင့်
တစ်ပြေးညီ စိတ်တိုင်းကျအကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်။
၁၉၆၄ ခုနှစ်မှ ယနေ့တိုင် နှစ်ပေါင်း (၅၀)ကျော် စဉ်ဆက်မပြတ် အားပေးလျက်ရှိသော မိဘပြည်သူများ နှစ်သစ်တွင်
ကျန်းမာ.ချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝကြပါစေ။
**ရွှေလဝင်း နာရီပြုပြင်ရေး**
ရွှေတုံသာလမ်းအလယ်က အမှတ် (၁၃၀)သို့ ကြွရောက်ပါ၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁–၂၄၆၈၂၄

## ပြည်တွင်းရေးရာ

# ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် မုခ်ဦးအား အမှတ်(၁)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ခရိုင်(၄) ခရိုင်မှ ပြသထားသော ပြခန်းများနှင့် စျေးရောင်းပွဲတော် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးမြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက သီဆိုဖျော်ဖြေကပြကြပြီး ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျူဘလီစံလှနှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင့်မော်တို့က အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင် ထူးချွန်ဆုရရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကရင်(ပဲခူး)**

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား(အလွတ်တန်း)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား(အလွတ်တန်း)ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲများကို တပ်ကုန်းမြို့နယ် အားကစားကွင်းတွင် ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် ရွှေးစု(ခ)အသင်းနှင့် ရွှေအမ္ဗာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ရွှေအမ္ဗာအသင်းက ရွှေးစု(ခ)အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရွှေးစု(က)အသင်းနှင့် နောင်ဘိုအိုးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြိုင်ပွဲမှာ အကြိတ်အနယ်ရှိသဖြင့် ငါးပွဲကစားရာ ရွှေးစု(က)အသင်းမှ နောင်ဘိုအိုးအသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အားကစားဝါသနာရှင်ပရိသတ်များ ကွင်းလုံးပြည့် တစ်ခဲနက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇင်ဘို(ကြေးမုံ)**

# ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း ညောင်ရွှေ၌ဖွင့်

**ညောင်ရွှေ ဇန်နဝါရီ ၃**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရတို့ပူးပေါင်း၍ ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစတင်၍ ညောင်ရွှေမြို့ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းခန်းမတွင် ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အင်းလေးဒေသသည် ပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်တစားလာရောက်လျက်ရှိသောဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဧည့်လမ်းညွှန်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့ ညောင်ရွှေ၊ တောင်ကြီး၊ ကလော၊ ဟိုပုံးမြို့များမှ သင်တန်းသား ၁၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

# လိပ်သိုမြို့ ပိန်းသီလာကျေးရွာလမ်း ကတ္တရာလမ်းခင်း

**လိပ်သို ဇန်နဝါရီ ၃**

ကရင်ပြည်နယ် လိပ်သိုမြို့ ပိန်းသီလာကျေးရွာသွားလမ်းအား ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းမှာ တောင်ငူ-လိပ်သို လမ်းမကြီးပေါ်တွင်ရှိသော သံမိုးတောင်ကျေးရွာမှတစ်ဆင့် မြသာကုန်းကျေးရွာနှင့် ပိန်းသီလာကျေးရွာသွားလမ်းပေါ်တွင် လမ်းအရှည် သုံးမိုင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေခြင်းဖြစ်ပြီး သတ်မှတ်စံချိန်ပြည့်မီရေးအတွက် နှစ်မိုင် သုံးဖာလုံနှင့် နှစ်မိုင် လေးဖာလုံကြား လမ်းခင်းနေမှုအား လိပ်သိုမြို့ အင်ဂျင်နီယာ ဦးဇော်မင်းဦးဆောင်၍ ဇန်နဝါရီ ၃ ရက်က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းပြီးစီးသွားပါက ပတ်ဝန်းကျင်ကျေးရွာများသာမက လိပ်သိုမြို့နှင့် တောင်ငူမြို့များသို့ အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း ဒေသခံဖြစ်သူ နော်မောရီက ပြောပြသည်။

**မနွယ်(ပြန်/ဆက်)**

# ဒိုက်ဦးမြို့နယ် ရွာဝိုင်းကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်

**ဒိုက်ဦး ဇန်နဝါရီ ၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု ရွာဝိုင်းကြီးကျေးရွာ၌ လေးလက်မအဝီစိတွင်းနက်တစ်တွင်း၊ ရေစက်ရုံ ရေဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ကျေးလက် ဖွံ့ဖြိုးရေး ဆောင်ရွက်

**သန်လျင် ဇန်နဝါရီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းဖြစ်သော သနပ္ပင်ကျေးရွာနှင့် အုတ်ဖိုစုဆက် ကွန်ကရစ်လမ်း (၂/၁ မိုင်× ၁၂'× ၉") ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(ကျေးလက်ဦးစီး)**


**PWP POWER WING PILE CO.,LTD.**

လူကြီးမင်းတို့၏ အထပ်မြင့်၊ အဆင့်မြင့် Condo တိုက်များ၊ ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ Foundation ခိုင်ခံ့မှုရှိစေရန်အတွက် မြန်မာအမျိုးသားပိုင်ကုမ္ပဏီဖြစ်သော Power Wing Pile Co.,Ltd. မှ အရည်အသွေး ပြည့်မီသောကွန်ကရစ်ပိုင်ချောင်းများအားစံချိန်၊ စံညွှန်းနှင့်အညီ ကောင်းမွန်သန့်ရှင်းသောရေ၊ အရည်အသွေးပြည့်သော Original သံချောင်း၊ သတ်မှတ်သည့် Grade ကိုရရှိသော ဓာတ်မီးဘိလပ်မြေဖျော်စက်၊ အမိုးအကာအောက်တွင်ကွန်ကရစ်ပိုင်ချောင်းများ ထုတ်လုပ်သည့်စက်ရုံ (၂)ရုံမှ ထုတ်လုပ်ခြင်းနှင့် ရောင်းချပေးခြင်း၊ ကျွမ်းကျင်သော အင်ဂျင်နီယာ၊ ပညာရှင်များမှ ဓာတ်မီးစက်အသစ်များဖြစ်သော (320 Ton၊ 260 Ton၊ 180 Ton၊ 120 Ton၊ 100 Ton၊ 80 Ton) စက်ကြီးများဖြင့် Pile Foundation & Load Test တို့အား လုပ်ငန်းအပ်နှံသူများနှင့် ညှိနှိုင်းကတိစာချုပ်အတိုင်း လူကြီးမင်းတို့စိတ်တိုင်းကျ ကျေနပ်မှုရှိစေရန်အတွက် မှန်မှန် ကန်ကန်၊ တိတိကျကျဖြင့် တာဝန်ယူ ဆောင်ရွက်ပေးနေပါသည်။



ဆက်သွယ်ရန် (ရုံး) - အမှတ်(၂၀/၂၂)၊ ရှင်စောပုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-2304709, 01-510184, 09-43155652, 09-5015028
Fax : 01-510543 Email : powerwingpile@gmail.com, info@powerwingpile.com Website : www.powerwingpile.com
(စက်ရုံ ၁) - အမှတ်(၃၁၄)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420254214, 09-420006689
(စက်ရုံ ၂) - အမှတ်(၃၇၈)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-799938830
(သိုလှောင်ရုံ) - အမှတ် (၄၁၀ ဘီ/ ၇၅ က)၊ စကားဝါလမ်း၊ ပုလဲအိမ်ရာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420006689, 09-799938830

**အားကစား**

# မာရေးက နာဒယ်ကို အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

အဘူဒါဘီမှာကျင်းပနေတဲ့ ကမ္ဘာ့တင်းနစ် ချန်ပီယံရှစ်ပြိုင်ပွဲမှာ အန်ဒီမာရေးက အကြိုဗိုလ်လုပွဲ မှာ ကမ္ဘာ့အဆင့်(၃)ရာဖေးနာဒယ်လ်ကို အနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်ရောက် သွားပြီဖြစ်ပါတယ်။



မာရေးက ပွဲအစကတည်းက အမှားအယွင်းမရှိဘဲ လက်စွမ်းပြကာ ၆-၂၊ ၆-၀ နဲ့ အလွယ်တကူ အနိုင်ယူနိုင် ခဲ့ပါတယ်။ ဗြိတိန် နံပါတ် (၁) ကစားသမား အနေနဲ့ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ ကျင်းပခဲ့တဲ့ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီး နောက် ထိပ်တန်းကစားသမား လေးဦးအပေါ် အနိုင်မယူနိုင်ခဲ့မှုကိုလည်း အဆုံးသတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

မာရေးက "ဒီနေ့ တိုးတက်လာတယ်လို့ ခံစားရတဲ့အတွက် ကျွန်တော် ကျေနပ်ပါတယ်။ နာဒယ်လ်ကလည်း ကောင်းကောင်းကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်က အရေးကြီးရမှတ်တွေကို ရအောင်ကစားနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့သည်။

မာရေးအနေဖြင့် နာဒယ်လ်အပေါ် ၂၀၀၈ အမေရိကန်အိုးပင်း၊ ၂၀၀၉ ရောတာဒန်တင်းနစ်ပြိုင်ပွဲ၊ ၂၀၁၀ ဩစတြေးလျအိုးပင်းနှင့် တိုရွန်တိုတင်းနစ်ပြိုင်ပွဲ၊ ၂၀၁၁ တိုကျိုတင်းနစ်ပြိုင်ပွဲ စုစုပေါင်း ငါးပွဲမှာ အနိုင်ယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ အခြားအကြိုဗိုလ်လုပွဲစဉ်မှာတော့ ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်ချ်က ၂၀၁၄ ဩစတြေးလျ အိုးပင်း ချန်ပီယံ စတန်းဝေါရင်ကာကို ၆-၁၊ ၆-၂ နဲ့ အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်ပါတယ်။ **မေလှဲ့သင်း**



# ရှာကီရီ၊ ဆနိုက်ဒါ တို့အား ခေါ်ရန် ဂျူဗင်တပ်ကြိုးပမ်း

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်း၏ တိုက်စစ်ကို အားဖြည့်ရန်အတွက် ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား ရှာကီရီ နှင့် ဂါလာတာစာရေး ကွင်းလယ်လူ ဆနိုက်ဒါတို့အားခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းမှာ လာမည့် ဆောင်းရာသီကာလအတွင်း ထိပ်တန်းကစားသမားသစ်များကို မဖြစ်မနေခေါ်ယူအားဖြည့်ရန် ပြင်ဆင်နေပြီး အသင်းမှထွက်ခွာရန် ကိုယ်စီရေပန်းစားလျက်ရှိကြသည့် ၎င်းတို့နှစ်ဦးအား စောင့်ကြည့်လာခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်း၏ တာဝန်ရှိသူများမှာ ရှာကီရီအား အသင်းနှင့်စာချုပ်သက်တမ်းတိုးမြှင့်ရန် ပြီးခဲ့သည့်လပိုင်းကတည်းက ကြိုးပမ်းနေသော်လည်း ယခုအချိန်ထိ သဘောတူညီမှု မရရှိသေးသလို ကစားသမားကိုယ်တိုင်မှာလည်း ပုံမှန်ပွဲထွက်ခွင့်ရရှိမည့်အသင်းတစ်သင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေခြင်းလည်းဖြစ်သည်။ ထို့ပြင် ဆနိုက်ဒါမှာလည်း ဇန်နဝါရီကာလတွင် ဂါလာတာစာရေးအသင်းမှ ထွက်ခွာရန် သေချာသလောက်ရှိနေပြီး ၎င်းအား ဂျူဗင်တပ်အသင်းအပြင် မန်ယူ၊ လီဗာပူး၊ အင်တာမီလန် စသည့်အသင်းများကလည်း ခေါ်ယူရန် အပြိုင်စောင့်ကြည့်နေကြောင်း ဗြိတိန်သတင်းစာ Mirror က ဖော်ပြခဲ့သည်။ ဂျူဗင်တပ်အသင်း အနေဖြင့် ၎င်းတို့နှစ်ဦးအတွက် ယူရိုသန်း ၃၀ ခန့်သုံးစွဲရန် အသင့်ရှိနေပြီး မကြာမီရက်ပိုင်းအတွင်း တရားဝင် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း အီတလီမီဒီယာများက ဖော်ပြခဲ့ကြသည်။ **ကိုရဲ**

# ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ထဲက စောင့်ကြည့်ရမယ့် ကစားသမားများ(၄)



ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ကို ဝင်ရောက်လို့လာခဲ့ပါပြီ။ ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ကစားသမား ၅၀ ခန့်အထိ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့သတင်းတွေထွက်ပေါ်နေခဲ့ပါတယ်။ အဆိုပါကစားသမားတွေထဲကနေ ကစားသမားအချို့ကို ကနဦးဖော်ပြပေးလိုက်ပါတယ်။

**ဗာရာနီ(ရီးယဲလ်မက်ဒရစ်နောက်တန်းကစားသမား)**

ဗာရာနီဟာ ပြင်သစ်လက်ရွေးစင်အသင်းမှာရော ရီးယဲလ်မက်ဒရစ်အသင်းမှာပါ ခြေစွမ်းကောင်းတွေ ပြသနိုင်ခဲ့ပါတယ်။ ဒါကြောင့် အခုအပြောင်းအရွှေ့ကာလမှာ ရီးယဲလ်မက်ဒရစ်ကနေ ထွက်ခွာမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာတာကြောင့် ဗာရာနီကို စိတ်ဝင်စားနေတဲ့ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်ယူတို့ဟာ အပြိုင်ခေါ်ယူဖို့စီစဉ်နေတာပါ။ ဒါပေမယ့် ဗဟိုနောက်ခံလူ ဗာရာနီကတော့ ရီးယဲလ်မက်ဒရစ်ကို စွန့်ခွာမှာ မဟုတ်ဘဲ စာချုပ်သစ်ထပ်တိုးချုပ်ဆိုဖို့တောင် စဉ်းစားနေတာပါ။

**စတီဗင်ဂျာရတ်(လီဗာပူးကွင်းလယ်ကစားသမား)**

စတီဗင်ဂျာရတ်ဟာ အသက်(၉)နှစ်ကတည်းက လီဗာပူးမှာ ကစားခဲ့တာပါ။ လီဗာပူးအသင်းနဲ့အတူ ပွဲပေါင်း ၆၉၅ ပွဲကစားအပြီးမှာ သွင်းဂိုး ၁၈၀ အထိတောင် သွင်းယူပေးထားတာပါ။

ဒါပေမယ့် နွေရာသီ အပြောင်းအရွှေ့ကာလမှာ သူ့ရဲ့စာချုပ်သက်တမ်းဟာ ကုန်ဆုံးတော့မှာမို့ အင်္ဂလန်မြေကနေ အမေရိကန် မေဂျာလိဂ်ကို ပြောင်းရွှေ့ဖို့ စဉ်းစားနေပါတယ်။အဲဒါကြောင့် ဂျာရတ်အနေနဲ့ လီဗာပူးအသင်းကနေ ထွက်ခွာတော့မယ်ဆိုတာ လူသိရှင်ကြား ပြောကြားလာတာပါ။

**ဗာရက်တီ**
**(ပီအက်စ်ဂျီကွင်းလယ်ကစားသမား)**

ဗာရက်တီဟာဆိုရင် တစ်နေ့နေ့မှာတော့ အီတလီမြေမှာ ပြန်လည်ကစားမယ်လို့ မျှော်လင့်ထားသူပါ။ ဒါ့ကြောင့် အီတလီစီးရီးအေရဲ့ ထိပ်တန်းအသင်းတစ်သင်းဖြစ်တဲ့ ဂျူဗင်တပ်အသင်းက ခေါ်ယူဖို့စီစဉ်နေတာပါ။ ဂျူဗင်တပ်က ခေါ်ယူချင်ပေမယ့် ဗာရက်တီကတော့ ဂျူဗင်တပ်အသင်းထက် ပီအက်စ်ဂျီအသင်းမှာပဲ ဆက်ကစားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

ဒါ့ကြောင့်လည်း မွေးရပ်ဌာနအီတလီမြေကို ပြန်မယ်ဆိုပေမယ့် ၂၀၁၉ ခုနှစ်အထိ ပြင်သစ်မြေမှာ ရှိနေမယ့် စာချုပ်တစ်ရပ်ကို လက်ရှိကလပ်ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတာပါ။

**ရှာကီရီ(ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား)**

ရှာကီရီဟာ ၂၀၁၂ ခုနှစ်က ဘေဆယ်အသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၈ သန်းနဲ့ ရောက်ရှိလာခဲ့သူပါ။ ဒါပေမယ့် နည်းပြဂွါဒီယိုလာရဲ့ လက်ထက်မှာ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်နေရပါတယ်။ ဒါကြောင့် အီတလီစီးရီးအေကလပ်အသင်းတွေဖြစ်တဲ့ အင်တာမီလန်နဲ့ ဂျူဗင်တပ်၊ ပရီမီယာလိဂ်ကလပ်ဖြစ်တဲ့ လီဗာပူးအသင်းကို ပြောင်းဖို့ စီစဉ်နေတာပါ။

ဒါပေမယ့် အခုအပြောင်းအရွှေ့ကာအတွင်းမှာ လီဗာပူးကလည်း ရှာကီရီကို အန်ဖီးအရောက်ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အတွက် အင်တာမီလန်၊ ဂျူဗင်တပ်တို့ကိုကျော်ဖြတ်ပြီး လီဗာပူးအနေနဲ့ ရှာကီရီကို စာချုပ်ခေါ်ယူနိုင်မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

**မက်ကာသီ**
**(အဲဗာတန်ကွင်းလယ်ကစားသမား)**

မက်ကာသီဟာ ၂၀၁၃ ခုနှစ်တုန်းက ဝီဂန်အသင်းကနေ အဲဗာတန်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းနဲ့ ငါးနှစ် စာချုပ်ကာ ပြောင်းရွှေ့လာခဲ့သူပါ။ အဲဗာတန်အသင်းမှာ ခြေစွမ်းကောင်းတွေ ပြနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ကလပ် စပါးအသင်းက စိတ်ဝင်စားနေတဲ့အပြင် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူ ဖို့စီစဉ်နေပါတယ်။ အာဆင်နယ်ကလည်း ပေါင်သန်း ၂၀ နဲ့ မက်ကာသီကို ခေါ်မယ်လို့ဆိုထားပါတယ်။ ဒါပေမယ့် အဲဗာတန်ကတော့ အသင်းအတွက်အသုံးတည့်နေတဲ့ မက်ကာသီကို ခေါ်ယူဖို့ကမ်းလှမ်းလာတဲ့ အသင်းအားလုံးကို ငြင်းဆန်မယ်လို့ ဆိုထားပါတယ်။ **နိုင်လင်းကြည်**



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း)တို့တွင် ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့ လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၃၀-၁၂-၂၀၁၄ရက်မှစတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများ ကို ၁၁-၁-၂၀၁၅ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်။

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့် မိတ္တူ)။

(ဃ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော သစ်ခွဲသားသံချောင်းရွယ်စုံ လမ်းခင်းကျောက်မျိုးစုံအား အိတ်ဖွင့်တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၂)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၆)၏ ပစ္စည်းစာရင်း

| | | |
|---|---|---|
| (က) | ခွဲကျောက်ရွယ်စုံ | - ၈၃၂ကျင်း |
| (ခ) | သဲ | - ၂၁၆ကျင်း |
| (ဂ) | မြစ်ကျောက်စရစ် | - ၂၇၅ကျင်း |
| (ဃ) | သံချောင်းရွယ်စုံ | - ၅၅တန် |
| (င) | တောသစ် | - ၂၇တန် |
| (စ) | ၂' Ø ၅' အရှည်ကွန်ကရစ်ပိုက် | - ၁၄၀လုံး |

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၁-၂၀၁၅ရက်၊ ညနေ ၅း၃၀ နာရီ

၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆-၁-၂၀၁၅ရက်၊ နံနက် ၉ နာရီ

၄။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)ရုံး၊ ဆင်သေရွာ၊ ခန္တီးမြို့နယ်။ ဖုန်း ၀၁၀-၄၃၂၀၁၉၀၊ ၀၉-၄၀၂၇၆၅၄၆၉

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

# မြေဆီလွှာ ပြုပြင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်



**နတ်မောက်၊ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ညွှန်ကြားမှုဖြင့် နတ်မောက်မြို့နယ်အတွင်း စိုက်ခင်းမြေဆီလွှာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအား ဒေသခံသီးနှံစိုက်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးတာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းသို့ပူးပေါင်းဆောင်ရွက်ခြင်းသည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများတွင် ဖြစ်ပေါ်လေ့ရှိသည့် စိုက်ခင်းမြေများတွင်မြေဆီလွှာယုတ်လျော့ဖြစ်စဉ်များအား လျော့နည်းသက်သာစေရန်၊ ဆားဆပ်ပြာပေါက်မြေဖြစ်ပေါ်မှုများအားလျော့နည်းစေရန်နှင့် စိုက်ခင်းအတွင်းမြေဩဇာထည့်သွင်းမှု အချိုးကျမှန်ကန်စေရန်နှင့် သီးနှံပင်ဖြစ်ထွန်းမှုပိုမိုအကျိုးရှိစေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

မိမိတို့ဒေသရှိ စိုက်ခင်းမြေများသည် မိုးကောင်းသောက်လယ်မြေအများစုဖြစ်ပြီး အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများဖြစ်ခြင်းကြောင့် မြေဆီလွှာယုတ်လျော့လာသည့် စိုက်ခင်းမြေများတွင် စိုက်ပျိုးနည်းပညာအထောက်အကူဖြစ်စေရေးအတွက် နယ်မြေအလိုက် စိုက်ပျိုးမြေဆီလွှာအား ပြုပြင်ထိန်းသိမ်း၍ နည်းပညာစမ်းသပ်ကွက်များအား အကျိုးဆောင် တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ထားရှိကြောင်း စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ပြောသည်။**ဥမ္မာခင်(ပြန်/ဆက်)**

## ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**ကျွန်းလှ၊ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား ဆောင်းရာသီ သီးနှံထုတ်လုပ်မှု စိုက်ပျိုးစရိတ်ချေးငွေများကို ဒီဇင်ဘာ ၃၀ ရက်က စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ရှမ်းစုကျေးရွာအုပ်စု တောင်သူ ၆၅ ဦးပါဝင်သောအစုအဖွဲ့ ၁၅ ဖွဲ့ကို နှမ်းနှင့်မြေပဲ ၃၇၉ ဧကအတွက် တစ်ဧကငွေကျပ်နှစ်သောင်းဖြင့် ငွေကျပ် ၇၅၈၀၀၀၀ သိန်း စတင်ထုတ်ချေးခဲ့သည်။ ကျန်ကျေးရွာအုပ်စု ၁၅ အုပ်စုအား ငွေကျပ်သိန်း ၂၅၀၀ ထုတ်ချေးရန်လျာထားပြီး ဇန်နဝါရီလအတွင်း အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## စာကြည့်တိုက်တွင် အင်တာနက် အခမဲ့သုံးစွဲနိုင်ပြီ

**ကော့သောင်း၊ ဇန်နဝါရီ ၃**

နည်းပညာခေတ်ဖြစ်သည်နှင့်အညီ မိဘပြည်သူများ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး၊ ဗဟုသုတရှာဖွေရရှိနိုင်ရေး၊ အပန်းဖြေနိုင်ရေး၊ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ADSL အင်တာနက်လိုင်း အမြန်နှုန်း ၁. ၀ Mbps ဖြင့် တပ်ဆင်လျက် WIFI ကို IPRD Kawthoung အမည်ဖြင့် ဇန်နဝါရီ ၁ ရက်မှ စတင်၍ နေ့စဉ်လွှင့်ထုတ်ပေးလျက်ရှိရာ အင်တာနက် WIFI ကို မည်သူမဆို (အခမဲ့) သုံးစွဲနိုင်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မိဘပြည်သူအများ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး၊ အပန်းပြေစေရေးနှင့် အသိပညာဗဟုသုတများ တိုးပွားစေရေး အင်တာနက် WIFI အား မည်သူမဆို မိမိတို့၏ HandPhone၊ Laptop၊ Tablet များဖြင့် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ကာ (အခမဲ့) သုံးစွဲနိုင်ပြီဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

## ရေနံချောင်းမြို့ အေးကုန်းရပ်ကွက်တွင် ကတ္တရာလမ်းသစ် ဖွင့်ပွဲ ကျင်းပ

**ရေနံချောင်း၊ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အေးကုန်းရပ်ကွက်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံချောင်းရေနံမြေနှင့် ဂိုးလ်ပက်ထရိုကုမ္ပဏီတို့က (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငွေကျပ် ၃၂၆ ဒသမ ၃ သိန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့သည့် အရှည်ပေ ၃၅၈၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါလမ်းတည်ရှိရာ အေးကုန်းရပ်ကွက် လမ်းထိပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရေနံချောင်းရေနံမြေနှင့် ဂိုးလ်ပက်ထရိုကုမ္ပဏီတို့သည် ၂၀၁၄ ခုနှစ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ ငွေကျပ်သိန်း ၅၇၀ အကုန်အကျခံ၍ ယခုဖွင့်လှစ်သည့်လမ်းနှင့်အတူ ဇီးပင်ကန်ကျေးရွာတွင် အရှည် ၁၅၀၀ ပေရှိ မြေနီလမ်းဖောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာ သုံးခုအတွက် ဂါလန် ၂၀၀၀ ဆန့် အုတ်ရေကန်သုံးလုံးတည်ဆောက်ခြင်း၊ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံတွင် အဝီစိတွင်း၊ ရေစက်နှင့် ဂါလန် ၂၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ပေးခြင်း၊ မြို့ရေပေးရေးလုပ်ငန်းအတွက် ရေပိုက်များနှင့် ရေပိုက်များလဲလှယ်ရန်အတွက် လုပ်အားခငွေများလှူဒါန်းခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း အထွေထွေမန်နေဂျာ ဦးမြင့်ကျော်က ပြောသည်။

အဆိုပါလမ်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ ရေနံချောင်းရေနံမြေမှ အထွေထွေမန်နေဂျာ ဦးမြင့်ကျော်နှင့် Gold petrol ကုမ္ပဏီ ဒေသမန်နေဂျာတို့က အေးကုန်းကတ္တရာလမ်းသစ်အား ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များပက်ဖျန်းပြီး လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အေးကုန်းရပ်ကွက်မှ ရပ်မိရပ်ဖဦးရဲမြင့်က "အရင်က ကျွန်တော်တို့လမ်းက နွေရာသီဆို ဖုန်တွေတလုံးလုံးနဲ့ လမ်းကလည်းကျဉ်းတယ်။ မိုးတွင်းဆိုလည်း ဗွက်တွေနဲ့ သွားရလာရခက်ခဲတာ။ အခုတော့ ကတ္တရာလမ်းလည်းဖြစ်၊ လမ်းကလည်းကျယ်သွားပြီဆိုတော့ သွားလို့လာလို့ကောင်းသွားပြီဗျာ။ လမ်းဖောက်လုပ်လှူဒါန်းတဲ့သူအားလုံးကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့ဘိုးဘွားရိပ်သာနှစ်ပတ်လည်နေ့ ကျင်းပ

**ပျဉ်းမနား၊ ဇန်နဝါရီ ၂**

(၆၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အောင်ပွဲအထိမ်းအမှတ် အနေဖြင့်တစ်နိုင်ငံလုံးရှိ အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဝါကြီးအဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ ဦး၊ စုစုပေါင်း ၅၆၉ ဦးတို့အား ဂုဏ်ပြုလွှာနှင့်ထောက်ပံ့ငွေတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပျဉ်းမနားမြို့ဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့အထိမ်းအမှတ် (၂၄) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ငွေပဒေသာပင် လှူဒါန်းခြင်းအခမ်းအနားတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြတ်မြတ်အုန်းခင်က ပြောကြားခဲ့သည်။

ဒေါက်တာမြတ်မြတ် အုန်းခင်သည် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီခွဲက ပျဉ်မနားမြို့ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများကို နှစ်သစ်ဦးမင်္ဂလာအဖြစ် အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ လုပ်ငန်းစီမံချက်အား မိတ်ဆက်ဖြန့်ချိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအရ ရန်ကုန်မြို့တွင် နိုင်ငံတော်အနေနှင့် အခမဲ့ ပထမဆုံးသက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Day Care Center for the Aged) ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက် တွင် ဖွင့်လှစ်ခဲ့ပြီး အသက် ၇၀ နှစ်နှင့် အထက်အဘိုးအဘွား ၁၀၀ ဦးကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။

နောက်နှစ်များတွင်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး အသက် ၁၀၀ နှစ်နှင့် အထက် သက်ကြီးဝါကြီးများကို ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေတို့ကိုဆက်လက်ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာန ၂၀ ခုမှ ကိုယ်စားလှယ်များမှ ငွေပဒေသာပင်စုစုပေါင်း ၁၆၁ သိန်းကျော်အားငွေပဒေသာပင်စိုက်ထူရန် အတွက် ဘိုးဘွားရိပ်သာဥက္ကဋ္ဌထံပေးအပ်ခဲ့သည်။ **(ကြေးမုံ)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေးတောင်)၊ မြေကွက်အမှတ် (၄၈၇/က)၊ မြေကွက်တည်နေရာအမှတ် (၄၈၇/က)၊ အောင်သပြေ၂-လမ်း၊ ကြီးပွားရေးရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ (ဒေါ်တင်မာအေး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်မာအေးကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ဒေါ်တင်မာအေးကိုယ်စား ကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၃၆၂/၂၀၁၄ရရှိထားသူ ဒေါ်သန်းသန်းဌေး[၁၂/တမန(နိုင်)၀၇၅၂၃၈]က ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၉၉၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၉၉၉/ခ)၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တ/ဉ၊ ဦးအောင်လှ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်လှအား တရားပြိုင်ထား၍ တရားလို ဦးတင်ငွေမှ တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့သော တရားမကြီးမှုအမှတ်(၇၅/၂၀၁၄)၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၅၉/၂၀၁၄၏အမိန့်၁၈-၈-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာတို့တင်ပြပြီး ဘီလစ်ဒေါ်နန့်ဆန်သိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်-၁၃၀၊ မြေကွက် တည်နေရာအမှတ်-၂၄၊ ရာဇာဓိရာဇ်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးအောင်မြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်မြသိန်း[၁၂/သကတ(နိုင်)၀၈၄၉၆၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၉၇၅/၁၄)ရသူ ဒေါ်ကေသီဖြိုးကျော်[၁၂/ဒပန(နိုင်)၀၄၈၆၂၉]မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အများသိစေရန်ကြော်ငြာချက်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၁၉၈၄)၊ မြေကွက်တည်နေရာအမှတ်(၁၉၈၄)၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်တင်အေး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်တင်အေး[၁၂/သဃက(နိုင်)၀၈၆၆၂၉] ကိုယ်တိုင်မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)ထုတ်ပေးပြီး ဖြစ်၍ ဒေါ်တင်အေးအမည်ပေါက် ပါမစ်မူရင်း အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၅/ခ)၊ မြေကွက် တည်နေရာအမှတ် (၄၅/ခ)၊ (၁)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးမြင့်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဦးမြင့်သိန်း)ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမြင့်[၁၂/ဥကတ(နိုင်)၀၁၆၁၇၈]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါကဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၁၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၁၆၀)၊ စက်မှုလယ်ယာ(၃)လမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက် ဦးစောကျော်နိုင်ထွန်း[၁၂/ဖပန(နိုင်)၀၂၃၃၄၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစောကျော်နိုင်ထွန်း ကွယ်လွန်၍ ဒေါ်နော်တာမလာဖော[၁၄/ဖပန(နိုင်)၀၂၃၅၉၆]မှ ဇနီးဖြစ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြပြီး ၎င်းထံမှ GP NO ၇၇၁/ ၁၅-၁-၁၃ဖြင့် ရရှိသူ ဒေါ်ဒွဲ့ဘူ [၁/မကန(နိုင်)၀၈၇၉၂၀]မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဂရန်မူရင်းအားပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၁၃၃/၂)၊ မြေကွက်တည်နေရာအမှတ်(၁၃၃/၂)၊ ဇင်ယော်လမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပ အမည်ပေါက် ဒေါ်အေးလှ[၁၂/မဘန(နိုင်)၀၀၃၈၃၄]၊ နှစ်(၆၀)ဂရန်မြေကို ဒေါ်အေးလှ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်အေးလှ[၁၂/မဘန(နိုင်)၀၀၃၈၃၄]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂/သမိုင်း)၊ မြေကွက်အမှတ်(၉)၏ အစိတ်အပိုင်း၊ (၀. ၀၄၀)ဧက၊ မြေကွက်တည်နေရာအမှတ်(၉/ခ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် H-အစိုးရမြေ အား ဒေါ်အေးကြည်(ခ)ဒေါ်ရန်၊ ဒေါ်အုံး(ခ)အမိနံ့တို့ထံမှ(၁၄-၅-၁၉၈၃)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လာသူ ဦးကျော်စိုး[၁၂/မရက(နိုင်)၀၇၇၅၉၁]၊ ဒေါ်ကျင်ထွေး[၁၂/မရက(နိုင်)၀၇၇၃၅၀]တို့မှ အရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(လေးဒေါင့်ကန်)၊ မြေကွက်အမှတ် (၇၇၉)၊ မြေကွက်တည်နေရာအမှတ်(၂၄)၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက် ၊ သယ်န်းကျွန်းမြို့နယ်၊ ဒေါ်သန်းရင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်သန်းရင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ဌေးမြင့်[၁၂/သဃက(နိုင်)၀၉၂၈၃၈]က ပါမစ်ပျက်စီးပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်း၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# 33-11 KV (S) MVAဓာတ်အားခွဲရုံမှ ဓာတ်အားသုံးစွဲခြင်းအထိမ်းအမှတ်အောင်ပွဲပြုလုပ်

**ဝေါ၊ ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ ကြံ့တူဘုရားလမ်းရှိ 33-11 KV (S) MVA ဓာတ်အားခွဲရုံ၌ ဓာတ်အားစတင်ရယူသုံးစွဲခြင်းအထိမ်းအမှတ်အောင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်စွမ်းအင်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ရွှေတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပြီးစီးမှုအား လိုက်လံကြည့်ရှုကြသည်။

ယင်းဓာတ်အားခွဲရုံမှ ဝေါမြို့နယ် ရပ်ကွက်များနှင့် ကျေးရွာ ၁၆ ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ဝေါမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော် စွမ်းအင်နှင့်လျှပ်စစ်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ယု၊ တိုင်းဒေသကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ရွှေနှင့် လျှပ်စစ်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**တင်စိုး(ပဲခူး)**



## လွှတ်လပ်ရေးနေ့ အကြိုဟောပြောပွဲ ကျင်းပ

**စဉ့်ကူး၊ ဇန်နဝါရီ ၃**

ပြည်သူများအသိပညာပေး ဗဟုသုတတိုးပွားရေး၊ နိုင်ငံသားကောင်းရတနာများ အသိအမြင်ကြွယ်ဝရေးရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ နတ်တောင်ကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နုက (၆၇) နှစ်မြောက် လွှတ်လပ်ရေးနေ့ဦးတည်ချက်များနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးကို ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကို စာအုပ်စာစောင်များ ဖတ်ရှုလေ့လာစေပြီး လစဉ်ထုတ်စာပေရေချမ်းစင်နှင့် ရွှေသွေးစာစောင်များအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**မြင့်သူ(စဉ့်ကူး)**

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ညောင်တုန်း၊ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတွန့်ခန့်ဒါးလ်နှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့် (၇) စီမံချက်အရ ညောင်တုန်းမြို့နယ်အတွင်းရှိ ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆယ်ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၄၇ ဦးတို့အား မအူပင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတွန့်ခန့်ဒါးလ်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် မီဒီယာပစ္စည်းများ ထောက်ပံ့ပေးအပ်

**ယင်းမာပင်၊ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ပြီး ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၏ ပူးပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် မီဒီယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီက ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်စိုးစိုးဝင်းက မီဒီယာပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများကို စာအုပ်စာပေများမှတစ်ဆင့် လေ့လာဖတ်ရှုနိုင်ရုံမကဘဲ ရုပ်မြင်သံကြား SKY NET၊ EVD စသည့်မီဒီယာပစ္စည်းများမှလည်း လက်တွေ့အသုံးချနိုင်သည်အထိ သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီသိရှိကာ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်စေရန်အတွက် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူးက မင်းမကုန်းကျေးရွာ အမေ့ရွာစာကြည့်တိုက်၊ နဘူးတောကျေးရွာ ပညာဗိမာန်စာကြည့်တိုက်၊ လာပို့ကျေးရွာ မြတ်ရွှေရောင်စာကြည့်တိုက်၊ နံ့သာကုန်းကျေးရွာ ရွှေနံ့သာစာကြည့်တိုက်နှင့် သလောက်ကျေးရွာ သုတဝေစီ စာကြည့်တိုက်တို့အတွက် ၁၇ လက်မ ကာလာရုပ်မြင်သံကြားဖမ်းစက်ငါးလုံးကိုလည်းကောင်း၊ ထန်းတောကြီးကျေးရွာ ရတနာစာကြည့်တိုက်နှင့် အိုးဘိုကျေးရွာ အလင်းသစ်စာကြည့်တိုက်တို့အတွက် SKY NET ရုပ်သံဖမ်းစက် နှစ်လုံးကိုလည်းကောင်း၊ တံခါးရင်းကျေးရွာ သုတရောင်ခြည်စာကြည့်တိုက်နှင့် ဝင်းကုန်းကျေးရွာ ဝင်းအလင်းစာကြည့်တိုက်တို့အတွက် EVD ဗီဒီယိုပြစက်နှစ်လုံးတို့ကို အသီးသီး ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

"ယခုလို ကျေးရွာစာကြည့်တိုက်များအတွက် မီဒီယာပစ္စည်းများပေးအပ်ရခြင်းမှာ ၂၀၁၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ပြီး တိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးအတွက်ရည်ရွယ်ပြီး မီဒီယာပစ္စည်းများပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ချောင်းဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ပထမအကြိမ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ တက်ရောက်ချီးမြှင့်ပေးသော တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများကိုလည်း မိမိတို့ဌာနကိုယ်စား ကျေးဇူးတင်မဆုံးဖြစ်မိပါတယ်" ဟု တာဝန်ရှိသူက ပြောသည်။

ယင်းမာပင်မြို့နယ်အတွင်းရှိအရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့်အရပ်များမှ ကျေးရွာစာကြည့်တိုက်များအတွက် ဦးစားပေးအနေဖြင့် စံငါးချက်ညီပြည့်စုံကာ လျှပ်စစ်မီးနှင့် ဒေသမီးစက်များရှိသည့် ကျေးရွာများကို အထူးအလေးထားရွေးချယ်ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ ယင်းထောက်ပံ့ရေးပစ္စည်းများကို မြို့နယ်ဌာနဆိုင်ရာများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၄၅၆၀၀၀ အကုန်ကျခံကာ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"အခုလို ကျေးရွာစာကြည့်တိုက်များအတွက် ထောက်ပံ့လှူဒါန်းပေးအပ်သော မြို့နယ်မှ တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ပါတယ်။ အခု ကျွန်တော်တို့ရွာ စာကြည့်တိုက်အတွက် ၁၇ လက်မ တီဗီရပါတယ်။ ရွာကပြည်သူများလည်း ဝမ်းသာပျော်ရွှင်ကြပါတယ်။ ရုပ်မြင်သံကြားမှထုတ်လွှင့်ပြသမည့် အစီအစဉ်မျိုးစုံနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖမ်းယူကြည့်ရှုနိုင်မှာဖြစ်တဲ့အတွက် အသိပညာ ဗဟုသုတအဖြာဖြာကို ကြားမြင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု လာပို့ကျေးရွာမှ ဦးမိုးဆွေက ပြောသည်။

**ထွန်းကိုကို(ယင်းမာပင်)**


### ပျောက်ဆုံးကြောင်း

**Lucky MAXIMUM SERVICE CO.,Ltd.**

(၁) COMPANY လိုင်စင်
(၂) ထသက
(၃) ကုန်သည်အသင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၂၁၀၆၂၆၊ ၀၉-၄၂၁၁၄၉၀၀၀




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်-(ပ-၂၁၃၈၇) ပါမစ်မြေကွက်၏အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စန်းမြင့်(မန်နေဂျာ၊ စက်မှု)ကွယ်လွန်သဖြင့် မိခင်ဖြစ်သူ ဒေါ်စိန်စိန်[၁၂/ဗဟန(နိုင်)၀၅၄၈၅၃] အဖအမည် ဦးထွန်းရင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနသို့ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ပိုင်ရှင်ကိုယ်တိုင် ရောင်း/ငှားမည်။

၁။ တာမွေသိုလ်ရိပ်မွန်ကွန်ဒို၊ တာမွေသိုလ်ရိပ်သာလမ်းသစ်၊ 1st floor (၃၃၅၀) sqft၊ MBR(2) BR(4) A/C(8) Ph (4)။
ရောင်း-၇၂၀၀ သိန်း/ငှား ၃၅ သိန်း။

၂။ ကုံကျော်ကွန်ဒို၊ဗိုလ်ရာညွန့်လမ်း၊ဒဂုံမြို့နယ်၊ 3rd floor (၁၅၀၀)sqft၊ MBR(1)၊ BR(3)၊ A/C(4)၊ Ph (2)။
ရောင်း-၃၁၀၀ သိန်း/ငှား ၁၆ သိန်း။

၃။ ကျောက်မြောင်း၊ အင်းဝလမ်း၊ (ပ)ထပ်၊ (၁၅'x၅၀') BR(2)
ရောင်း-၇၅၀ သိန်း။

Ph: 09-25-444-9589 ၊ 09-254-808-678။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၆၀)၊ မြေကွက်တည်နေရာအမှတ်(၈၆၀)၊ ကုန္ဒာ(၇)လမ်း၊ ဒေါ်ခင်သိန်း[၁၂/ဥကမ(နိုင်)၁၀၂၈၉၉]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ခင်သိန်း၊ ဖခင် ဦးထွန်းကြိုင်တို့ ကွယ်လွန်သဖြင့် ဦးစိန်လွင်[၁၂/ဥကမ(နိုင်)၁၄၇၈၀၃]မှ တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ CG၊ မြေကွက်အမှတ်-၈၂၂၊ မြေကွက်တည်နေရာအမှတ်-၃၇၊ စမ်းရေတွင်းလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးလှညွှန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှညွှန့် ကွယ်လွန်သဖြင့် ဒေါ်ခင်မြမြ[၁၂/ဗဟန(နိုင်)၀၄၈၂၀၅]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၂၄၁)၊ မြေကွက်တည်နေရာအမှတ်(၁၂၄၁)၊ ရဲတံခွန်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမောင်သိန်း(AC-၀၁၄၅၈၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်သိန်း ကွယ်လွန်သဖြင့် ဒေါ်တင်တင်စိုး[၁၂/ဥကတ(နိုင်)၁၁၈၀၈၁]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၂၈-၇-၂၀၁၄)တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများ တင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၃၄-ခ)၊ မြေကွက်တည်နေရာအမှတ်(၃၄-ခ)၊ (၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကလမြား) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဦးကလမြား) ကွယ်လွန်သဖြင့် ဒေါ်အမိနံ[၁၂/ဥကတ(နိုင်)၁၃၁၇၈၇]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် အိမ်ထောင်စုများသို့ ရေချိုပေးဝေရေးလုပ်ငန်း စတင်နိုင်ပြီ

**စစ်ကိုင်း၊ ဇန်နဝါရီ ၃**

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူလူထုများပူးပေါင်း၍ စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်များသွယ်တန်းခြင်း၊ 100 KVA ထရန်စဖော်မာတည်ဆောက်ခြင်း၊ မီးရထားရပ်ကွက် ထပ်တိုးရေပိုက်သွယ်တန်းခြင်း၊ ရေချိုဂါလန်ခြောက်သောင်းဆံ့ အုတ်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် အိမ်ထောင်စုများသို့ရေချိုပေးဝေရေးလုပ်ငန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့ရွာထောင်ရပ်ကွက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေပေးဝေရေးလုပ်ငန်းဖြစ်မြောက်ရန် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၉၆၈၄၄၈၁၆၊ ၂၀၁၃-၂၀၁၄ စည်ပင်သာယာကော်မတီထည့်ဝင်ငွေကျပ် ၂၀၀၀၀၀၀၀၊ ၂၀၁၄-၂၀၁၅ စည်ပင်သာယာကော်မတီထည့်ဝင်ငွေကျပ် ၁၅၀၀၀၀၀၀၊ ၂၀၁၄ လွှတ်တော်ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀ အပါအဝင် စုစုပေါင်းငွေကျပ် ၁၃၅၄၄၄၈၁၆ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေပေးဝေရေးဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် ရေပေးဝေရေးကော်မတီဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ရေပေးဝေရေးကော်မတီဥက္ကဋ္ဌထံသို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ရပ်ကွက်နေပြည်သူတစ်ဦးက ရေချိုမီတာ (၆၀၃) လုံး ရရှိအသုံးပြုနိုင်သည့်အတွက် ရပ်ကွက်နေပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောခဲ့သည်။ **ဇော်မြင့်နိုင်**

# ပင်ဝယ်ကျေးရွာတွင် ဘူတာချောင်းကူးတံတားအသစ် တည်ဆောက်



**အင်းတော်၊ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအုပ်စု ပင်ဝယ်ကျေးရွာ ဘူတာချောင်းကူးတံတားကို ဒီဇင်ဘာ ၂၆ ရက်မှ စတင်၍ အသစ်တည်ဆောက်ခဲ့ကြောင်း သိရသည်။

တံတားဖြစ်မြောက်ရေးအဖွဲ့ အကျိုးတော်ဆောင် ဦးထွန်းစိန်နှင့် ဦးမောင်ဝင်းတို့ဦးဆောင် ၍ ပင်ဝယ်ကျေးရွာမှ စေတနာအလှူရှင်များ ထည့်ဝင်ငွေကျပ် သိန်း ၇၀ ခန့်ဖြင့် မတည်ကာ စေတနာလုပ်အားပေး အင်အား ၅၀ ခန့်ဖြင့် ဘူတာချောင်းကူး တံတားကို တည်ဆောက်ခဲ့ရာ ၂၀၁၅ ဇန်နဝါရီ ၁ ရက်တွင် အပြီးတည်ဆောက်ခဲ့ကြောင်း သိရသည်။

''ဒီတံတားဟာ ပင်ဝယ်ကျေးရွာနဲ့ သုသာန်သွားလမ်းမကြီးပေါ်မှာရှိတဲ့ ဘူတာချောင်းကူးတံတားပါ။ အရင်ကတည်းက တံတားမရှိတဲ့အတွက် နွေမိုးဆောင်း သွားလာရေးမှာ အခက်အခဲတွေ ကြုံတွေ့ရပါတယ်။ ဒီချောင်းကိုဖြတ်သွားမှ လိုရာခရီးကို ရောက်နိုင်တာလေ။ ဒါကြောင့် ဒီဘူတာချောင်းကူးတံတားဟာ တစ်ရွာလုံးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ တံတားပါ။

"နိဗ္ဗာန်ယာဉ်တွေ၊ ထော်လာဂျီယာဉ်တွေ ဒီချောင်းရိုးကနေ အဓိကအားထားပြီး သွားလာနေရတာပါ"ဟု တံတား တည်ဆောက်ရေးတွင် လုပ်အားဒါနပေးလှူနေသူ အသက် ၈၃ နှစ်အရွယ်ရှိ ပင်ဝယ်ကျေးရွာနေ ဦးတင်မောင်(ဗန္ဓုလ) ကပြောသည်။

ယင်းတံတားသည် အရှည် ၃၂ ပေ၊ အကျယ် ၁၃ ပေရှိသော လှည်းကူး၊ ကားကူး သစ်သားတံတားဖြစ်သည်။ **နီတိုး**

# မင်းတပ်ခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများသို့ မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်

**မင်းတပ်၊ ဇန်နဝါရီ ၃**

မင်းတပ်ခရိုင် မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကန်ပက်လက်မြို့နယ်အတွက် မီးသတ်ယာဉ်လေးစီးကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်က ကန်ပက်လက်မြို့နယ် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးမြမောင်ထံသို့လည်းကောင်း၊ မတူပီမြို့နယ်အတွက် မီးသတ်ယာဉ်သုံးစီးကို မင်းတပ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကီးထန်းက မတူပီမြို့နယ်မီးသတ်တာဝန်ခံ ဦးပေါလုထံသို့လည်းကောင်း အသီးအသီး လွှဲပြောင်းပေးအပ်ခဲ့သည်။

မီးသတ်ယဉ်များ လွှဲပြောင်းပေးအပ်ပြီးနောက် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်၍ သရုပ်ပြသခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ငါန်းဇွန်မြို့နယ်တွင် နိုင်ငံသားကတ်များ ထုတ်ပေး

**ငါန်းဇွန်၊ ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ မိုးပွင့်အဆင့် (၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ငါန်းမြာ အ. ထ. ကနှင့် ရေလည်သောင် အ. လ. ကရှိ ကျောင်းသား၊ ကျောင်းသူ ၂၃၄ ဦးတို့ကို ဒီဇင်ဘာ ၅ ရက်၊ ၁၅ ရက်နှင့် ၂၂ ရက်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(နိုင်ဇေယျ)**

# ဆင်ပေါင်ဝဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဆင်ပေါင်ဝဲ၊ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီခွဲကမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ပေးခဲ့သည့် ကျွန်းစုအုပ်စုမှ ၉၉ ဦး၊ ကျောက်ဆောင်စမ်းအုပ်စုမှ ၈၂ ဦး၊ လယ်မအုပ်စုမှ ၁၀၇ ဦး၊ လဲဇင်အုပ်စုမှ ၁၀၀ ဦး၊ မန်ိုးမြောင်အုပ်စုမှ ၃၁ ဦး၊ အင်ရုံအုပ်စုမှ ၁၂၄ ဦး၊ ကုန်းဘိုအုပ်စုမှ ၈၆ ဦး၊ စည်တိုင်အုပ်စုမှ ၉၀ ဦး၊ ချောင်းကောက်အုပ်စုမှ ၂၃၃ ဦး၊ ကျောက်ချက်အုပ်စုမှ ၄၃ ဦး၊ ကျားထူးစမ်းအုပ်စုမှ ၁၅၅ ဦး၊ ဝါးရှိအုပ်စုမှ ၇၈ ဦး၊ မွန်းညောင်ပင်သာအုပ်စုမှ ၆၁ ဦး၊ ဒဂုံမှော်အုပ်စုမှ ၇၁ ဦး၊ ကျောက်ကုန်းအုပ်စုမှ ၄၈ ဦး၊ ဧကရာဇ်အုပ်စုမှ ၇၇ ဦး၊ ထောက်မအုပ်စုမှ ၇၀ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်နှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့သည်။ **ဇော်ထက်(သရက်)**

**တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

ဇိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ငေါင်နံ့လိုသူများ လက်ကိုင်ထားရမည့်
အကျိုးရှိအောင်
အကျိုးဆောင်
City Mart များတွင်လည်း ရရှိနိုင်ပါသည်
Ph: 01-387127, 375537
www.akkyosaungjournal.com

တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်ကို မျက်ခြေမပြတ်လေ့လာနေသည့် မိဘများနှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူအားလုံး ယုံကြည်စိတ်ချစွာ အပ်နှံဖို့ရန် N-3 မှ ကြိုဆိုလိုက်ပါသည်။
ကိုယ်တိုင်သင်ကြား၊ တည်ထောင်၍ တာဝန်ယူစီစဉ်ဖွင့်လှစ်သော
ဦးညာဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓာတုဗေဒ)
ဒေါက်တာဇော် (ဇီဝဗေဒ)
N-3 (PRIVATE SCHOOL)
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့် ထူးချွန်ရေးဘော်ဒါ (၅ တန်း မှ ၁၀ တန်းအထိ)
၂၀၁၅-၂၀၁၆ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံနေပါပြီ
အမှတ်(၁၃၄)၊ လွတ်လပ်ရေးလမ်း၊ (ခရိုင်တရားရုံးလမ်း)၊ သုဝဏ္ဏဈေးအနီး၊ သင်္ဃန်းကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-4211067047, 09-420046938

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄မြောက်)၊ မြေကွက်အမှတ်(၂၄၀)၊ မြေကွက်တည်နေရာအမှတ်(၂၄၀)၊ မြို့မ(၁၂)လမ်း အရှေ့၊ ၄မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ဦးထွန်းငွေ ၂။ဦးယူနွတ်(ခ)ဦးတင်ထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းငွေ(ဖခင်)နှင့် ဒေါ်သန်းကြည် (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးစိုးသိန်း[၁၂/သကတ(နိုင်)၀၁၆၃၂၄]မှ ၎င်းကိုယ်တိုင်အတွက်နှင့် ကျန်အမည်ပေါက်(၁)ဦးဖြစ်သူ ဦးယူနွတ်(ခ) ဦးတင်ထွန်း [၁၂/သကတ(နိုင်)၁၁၇၄၆၂]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၈၃၂/၂၀၁၄)ယူကာ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်-၅၈/ခ၊ မြေကွက်တည်နေရာအမှတ်-၅၈/ခ၊ အောင်သပြေလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်း၊ ဒေါ်အေးမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အေးမြင့်ထံမှ အဆက်စပ် အရပ်ကတိအရောင်း၊ အဝယ် စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးခိုင် [၁၂/မတန(နိုင်) ၀၅၇၇၇၇] မှ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဝါဆို)၊ မြေကွက်အမှတ်(၃၆၀)၊ မြေကွက်တည်နေရာအမှတ် (၁၀)၊ နှင်းဆီလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးခင်မြင့်-ဦးစော) အမည်ပေါက်၊ နှစ် (၆၀) မြေအား အမည်ပေါက် ဦးစော [၁၂/ဒပန(နိုင်)၀၁၄၉၂၄] (ဖခင်) နှင့် ဒေါ်အုန်းမြင့် [၁၂/ဒပန(နိုင်)၀၁၅၀၇၂)] (မိခင်)တို့ ကွယ်လွန်သဖြင့် သားများဖြစ်ကြသော ဦးသိန်းဝင်း [၁၂/အစန(နိုင်)၁၀၁၅၅၁]နှင့် ဦးအောင်နိုင် [၁၂/ ဒပန(နိုင်)၀၄၃၀၃၄] တို့ထံမှ GP ၁၄၄၂၆/၁၄ (၂၈-၅-၂၀၁၄)ရရှိသူ ဒေါ်စိန်ဌေးမြင့် [၁၂/ပဇတ(နိုင်)၀၁၈၀၃၂]နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးခင်မြင့်ထံမှ GP ၁၃၈၅၇/၁၄ (၂၃-၅-၂၀၁၄)ရရှိသူ ဦးမာမက်အုစ်မာန်S/DGNMT-၀၄၁၅၅၇]တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရေနံချောင်းမြို့အမှတ်(၁)အထက်တန်းကျောင်း၌ ရာပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရေနံချောင်း၊ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်တစ်ရာပြည့် (ရာပြည့်ပွဲတော်)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းရှေ့မျက်နှာစာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးခရိုင်နှင့် ရေနံချောင်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေနံချောင်းမြို့ အမှတ်(၁) အထက်တန်းကျောင်း ရာပြည့်ပွဲတော်ကျင်းပရေး ကော်မတီဝင်များ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် ရေနံချောင်းမြို့ အ. ထ. က(၁) ရာပြည့် မုခ်ဦးရှေ့၌ ရွှေပါရမီတောရဆရာတော် ရှင်ဆန္ဒာဓိက၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်၊ အ. ထ. က(၁) ကျောင်းအုပ်ကြီး ဒေါ်မူမူထွန်း ရာပြည့်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာသော ဧည့်ပရိသတ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောင်းတွင်းလှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနေ့က တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင်ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် ဆေးရုံအကြီးစား ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများအား စံချိန်စံညွှန်းမီစွာ ဆောက်လုပ်ရေး၊ အချိန်မီပြီးစီးရေး၊ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကလည်း အမြဲမပြတ် ကြပ်မတ်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ကော့သောင်းခရိုင်ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား တွေ့ဆုံရှင်းလင်းဆွေးနွေး

**ကော့သောင်း၊ ဇန်နဝါရီ ၃**

ကော့သောင်းခရိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်သည့် ရှင်းလင်းအသိပေးဆွေးနွေးပွဲတစ်ရပ်ကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီက ကော့သောင်းမြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ရုံးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဦးက ခရိုင်အတွင်း ၂၀၁၄ ခုနှစ် တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကာကွယ်လျှော့နည်းကျဆင်းရေး၊ မှုခင်းဖော်ထုတ်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းညွှန့်က ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ရဲလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူများ၊ အဖွဲ့အစည်းများမှ ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ သတင်းပေး ပူးပေါင်းကူညီပါဝင်ဆောင်ရွက်ကြရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲမှူးမောင်မောင်ရင်က ခရိုင်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ အသိပေးရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မင်းခိုင်က လူကုန်ကူးမှု၊ လူမှောင်ခိုမှုများ တားဆီးနှိမ်နင်း ဖော်ထုတ်အရေးယူမှုနှင့် ပြည်သူများသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား အသီးသီးအသိပေး ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ မြို့မိမြို့ဖပြည်သူများ၏ မေးမြန်းဆွေးနွေးအကြံပြုချက်များကို ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးပြန်လည်ရှင်းလင်းဖြေကြား၍ လက်ခံမှတ်သားဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအပါအဝင်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

**ကျော်စိုး (ကော့သောင်း)**

# ရတနာပုံကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနဖွင့်လှစ်ခြင်းနှင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မန္တလေး၊ ဇန်နဝါရီ ၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ရတနာပုံကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန ဖွင့်လှစ်ခြင်းနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၆၅ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ မန္တလေးတိုင်းဒေသကြီး ပြည်ပပို့ကုန်ပြခန်းအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

